| | • မြို့နယ် MSR များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။<br>• Operation Manual (OM) ကို update ပြုလုပ်ခဲ့သည်။<br>• IEC ပစ္စည်းများဖြန့်ဝေခဲ့သည်။<br>• သတင်းစာ၊ ဂျာနယ်နှင့် ဆိုရှယ်မီဒီယာတို့တွင် ဖော်ပြပါရှိခဲ့သော စီမံကိန်းသတင်းများကို ကောက်ယူခဲ့သည်။<br>• မြို့နယ်များ၏ Information Campaign များပြုလုပ်ဆောင်ရွက်မှုကိုစိစစ်ခဲ့သည်။<br>• စီမံကိန်း၏ အောင်မြင်ရေးဆောင်းပါး/ ဝတ္ထုများအား စုဆောင်း ကောက်ယူခဲ့သည်။<br>• အောက်တိုဘာလတွင် ကျင်းပမည့် Union Level Multi-Stakeholders Review Meetingတွင်ပူး ပေါင်းပါဝင်ဆောင်ရွက်ခဲ့ သည်။<br>• 4th round communications start-up training ကို (31-10-2018 & 1-11-2018) တွင် ကျင်းပခဲ့သည်။<br>• Communications Strategy ကို Update ပြုလုပ်ခဲ့သည်။<br>• Communication Strategy နှင့် Communication Action Planအား ပြန်လည်သုံးသပ်၍အပြီးသတ်ရေးဆွဲခဲ့သည်။ | • ကျန်ရှိနေသေးသော မြို့နယ် MSR များတွင် ပါဝင်ဆောင်ရွက်ပေးရန်။<br>• Communications refresher training ကျင်းပပြုလုပ်ရန်။<br>• Video editing training ကျင်းပပြုလုပ်ရန်။ (ဓာတ်ပုံ၊ ဗွီဒီယို ရိုက်နည်းအခြေခံ သဘော တရားများနှင့် ပတ်သက်၍)<br>• သင်တန်းသားများမှာ (မြို့နယ်များမှ CSAG များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ သက်ဆိုင်ရာ Communication focal များ)<br>• မြို့နယ်များ၏ Information Campaign များအား စိစစ်ရန်နှင့် ပါဝင်ကူညီ ဆောင်ရွက်ရန်။<br>• မြို့နယ်များသို့Monitoring trip စီစဉ်သွားရောက်ရန်။<br>• ဆိုရှယ်မီဒီယာတို့တွင် စီမံကိန်း သတင်းများ အချိန်နှင့်တပြေးညီဖော်ပြ သွားရန်။<br>• မြို့နယ်များသို့ သွားရောက်၍ Communications Training ပို့ချပေးရန်။ (သင်တန်းသားများမှာ Communications focal person များ နှင့် CF/ TF များဖြစ်သည်။) |

## ၉။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်သစ် ၁၆မြို့နယ်အား M&E နှင့် ပတ်သက်ဆက်နွယ်သော အသုံးပြုပုံများအားလုံး သင်တန်းပေးပြီး ပစ္စည်းများပါ တပါတည်းထုတ်ပေးပြီး ဖြစ်ပါသည်။ ပြည်နယ် တိုင်းရုံးမှ M&E Focal Personများကိုလည်း မြို့နယ်သစ် ၁၆ မြို့နယ်နှင့် အတူ အချက်အလက်များ ဖြည့်သွင်းခြင်း သင်တန်းအား ပေးခဲ့ပါသည်။ မဌဆနှစ် စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်/တိုင်းနှင့် မြို့နယ် (၅၅) မြို့နယ် တို့အား M&E / MIS နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများသင်တန်းအား ဇန်နဝါရီလတွင် ပြန်လည်ပို့ချသွားမည် ဖြစ်ပါသည်။

၂၁။ ဤကာလအတွင်းတွင် GIS နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း ၊ မြို့နယ်များမှ လိုအပ်သော GIS နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ ဤကာလအတွင်းတွင် MIS နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း ၊ မြို့နယ်များမှ လိုအပ်သော MIS နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။

၂၂။ တချို့ ပြည်နယ်တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပို့ကြပါသည်။ အနည်းငယ်သော ပြည်နယ်တိုင်းရုံးများသည် သုံးလပတ်အတွင် အစီရင်ခံစာ ပေးပို့ရာတွင် နှောင့်နှေးကြန့်ကြာနေပါသည်။

## နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်

(က) ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်/တိုင်းနှင့် မြို့နယ် (၅၅) မြို့နယ် တို့အား M&E / MIS နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများသင်တန်းအား ဇန်နဝါရီလတွင် ပြန်လည်ပို့ချသွားမည် ဖြစ်ပါသည်။

(ခ) စီမံကိန်းပိတ်သိမ်းမည့် ၆ မြို့နယ်အား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဂ) စီမံကိန်းနောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။

စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|
| **MIS**<br>• စီမံကိန်းပဥ္စမနှစ်အတွက် စီမံကိန်းလက်စွဲ အခန်း (၃) ရှိformsပုံစံများ ကိုပြုပြင် မွမ်းမံခဲ့ပါသည်။<br>pc1,2,3,4,5,6,7,8,HR1-2,T1များအား ပြန်လည်စစ်ဆေးခြင်း များပြုလုပ်ခဲ့ပါသည်။<br>မြို့နယ်အသစ် ၁၆ မြို့နယ်အနက် ကျန်နေသော မြို့နယ် အသစ် ၄မြို့နယ်အား အောက်တိုဘာလ တွင် M&E/MIS သက်ဆိုင်သော သင်တန်းများ ပို့ချပေး ခဲ့ပါသည်။<br><br>**GIS**<br>သုံးလပတ်အတွင်း ရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး<br>• မြို့နယ်သစ်၁၆မြို့နယ်အတွက်long/latCoordinates တပ်ဆင်ခြင်းအား စတင်လုပ်ဆောင်ခဲ့သည်။<br>• MISအချိန်နှင့်တပြေးညီအချက်အလက် (PC 8) နှင့် GIS dashboard အချက်အလက်အကြား ကွာဟချက်များအားလုံး စီစစ်ပြီး ဖြစ်ပါသည်။<br>**အစီရင်ခံခြင်း**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။<br>• မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မှီ တင်ပြမှု အားနည်းသည်။ | **MIS**<br>• ပျက်စီးသွားသောtabletsများ ရှိသော်လည်း ပြည်ထောင်စုသို့ ပြုပြင်ရန် ပေးပို့ထားသော tablet များအား ဤသုံး လပတ်ဆုံးသည်အထိ ပြန်လည် ပေးပို့ ခြင်းမရှိခဲ့ပါ။<br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်/တိုင်းနှင့် မြို့နယ် (၅၅) မြို့နယ်တို့အား M&E / MIS နှင့် ပတ်သက်ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇန်နဝါရီလတွင် ပြန်လည်ပို့ချသွားမည် ဖြစ်ပါသည်။<br><br>**GIS**<br>• MISအချိန်နှင့်တပြေး ညီအချက်အလက် (PC 8) နှင့် GIS dashboard အချက်အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

## ၁၀။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြ ထားပါသည်။ ဒီဇင်ဘာလတွင် ISM 17 ပြုလုပ်ခဲ့ပါသည်။ (၃) လပတ် အစည်းအဝေးအား ပြည်နယ်/တိုင်း တာဝန်ခံများနှင့် မြို့နယ်မှ တာဝန်ခံများ သုံးသပ်ဆွေးနွေးပွဲကို ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ပြီးဖြစ် ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေအနမှာ ၃၁/၁၂/၁၈ ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန်ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• TTA များနှင့်အတူ မြို့နယ် ၉ မြို့နယ်ရှိ ဝန်ထမ်း ခန့်ထားမှု အခြေ အနေအချို့သော ခွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြရမည်။ |

## ၁၁။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၂၃။ လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်း လုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြို့နယ် CDD Teamသည် ပိုမိုအားထုတ်ဖို့ လိုအပ်ပါသည်။ လုပ်ငန်းခွဲများအား ဆက်စပ်ဌာနဆိုင်ရာများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသော အကြံပြုချက်များနှင့် အတည်ပြုချက်များ ရယူထားရမည်။

(ခ) မြို့နယ် TTA Team သည် နည်းပညာဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှု ရှိမရှိ follow up လုပ်ရန် လိုအပ်ပြီး regional infra;-TA နှင့် လည်း ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ဖို့လည်း လိုအပ်ပါသည်။

(ဂ) မြို့နယ် TTA Team သည် စွမ်းဆောင်ရည်နည်းသော ၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းသော ကျေးရွာအုပ်စုများသို့ ကြီးကြပ်ကွပ်ကဲ ပြောဆိုစည်းရုံးရန် လိုအပ်ပါသည်။

(ဃ) ပြည်နယ်/ တိုင်းဒေသကြီး CDD Team နှင့် မြို့နယ် TTA Team တို့သည် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိန်းရေး လုပ်ဆောင်ချက်များ နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ရမည်။

(င) ကျေးရွာတစ်ရွာချင်းစီ အလိုက် စီမံကိန်းလုပ်ငန်းခွဲဖိုင်၊ ဂယ်ယူရေးဖိုင်၊ ဘဏ္ဍာရေးဖိုင် ၊ လုပ်ငန်း မှတ်တမ်း၊ ဧည့်မှတ်တမ်းများ ရှိရမည်။

(စ) TF နှင့် CF များ သည် သတ်မှတ်ထားသော Ecop နှင့် EMP ကိစ္စရပ်များကို ကျေးရွာကော်မတီများနှင့် ကျေးရွာလူထုအား အလျဉ်းသင့်သလို ထပ်ခါထပ်ခါ ဝေမျှရမည်။

(ဆ) ပြည်နယ်/တိုင်းဒေသကြီး CDD Team အနေဖြင့် ကျေးရွာလူထု၏ ပိုမိုစိတ်ဝင်စားလာစေရန်၊ ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် ကွင်းဆင်းစစ်ဆေးခြင်းများ ပိုမိုလုပ်ဆောင်သင့်သည်။

(ဇ) စီမံကိန်း နောက်ဆုံးနှစ် မြို့နယ်များ၏ TTA Team အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ၏ အရေးကြီးသောအချက်အလက်များအား မည်သို့စီမံခန့်ခွဲမည်၊ ကျေးရွာလူထု အကောင်အထည်ဖော် ဆောင်ရွက်လိုသော လုပ်ငန်းခွဲနှင့် ပတ်သက်၍ မည်သည့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ကိုသိရှိစေရန် နှင့် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေး အစီအစဉ်များအား သိရှိစေရန် စည်းရုံး လှုံ့ဆော်ပေးရန် လိုအပ်သည်။

(ဈ) လက်တွေ့ကျနည်းပညာမှုးများအား instrument of leveling သင်တန်းအား ပို့ချပေးနိုင်လျှင် လုပ်ငန်းများ ပိုမိုအရည် ကောင်းမွန်လာပါလိမ့်မည်။

(ည) Infra counterpart, cluster leader နှင့် sub cluster leader များသည် monitoring trip များ အကြိမ်များများဆင်းနိုင်လေလေ ပိုကောင်းလေဖြစ်ပါသည်။

(ဋ) Conflit ဒေသများတွင် ဘေးကင်းလုံခြုံမှုဆိုင်ရာသင်တန်းများ ပို့ချခဲ့ပြီး ဖြစ်ပါသည်။

**မြို့နယ်များအား နည်းပညာထောက်ပံ့ပေးခြင်း**

၂၄။ ပြည်ထောင်စုကျေးလက်ဦးစီးဌာနမှ အခြေခံအဆောက်အဦးဆိုင်ရာ နည်းပညာအကြံပေးအရာရှိများသည် ၄င်းကောင်းတို့ တစ်ဦးစီ အတွက် သတ်မှတ်ထားသော ဒေသသုံးပိုင်းကြား အချိန်ကို ခွဲဝေပြီး မြို့နယ်များသို့ ပုံမှန်အထောက်အပံ့ပေးခြင်း နှင့် စောင့်ကြည့် ကြီးကြပ်ရေး ကွင်းဆင်းခြင်း တို့အား ပြုလုပ်ပါသည်။ စီမံကိန်းလုပ်ငန်းများအား (က) ပြည်နယ်/ တိုင်းဒေသကြီးရှိ infra အကြံပေး အရာရှိ၏ ကွင်းဆင်း အစီရင်ခံစာအားသုံးသပ်ခြင်း ၊ (ခ) ထိုအကြံ ပေး အရာရှိတို့အား သင်တန်းများ

ထောက်ပံ့ပေးခြင်းနှင့် (ဂ) အထောက်အပံ့လိုအပ်သည်ဟု သတ်မှတ်ထားသော အချို့ စီမံကိန်း လုပ်ငန်းခွဲများသို့ ကွင်းဆင်းမှု ပြုလုပ်ခြင်းအားဖြင့် နည်းပညာ အထောက် အပံ့ပေးရပါသည်။

## ၁၂။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၂၅။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၂၄၀ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား ၂ ဖြင့်ဖော်ပြထားပါသည်။ လူမှုဆိုင်ရာ အကာအကွယ်နှင့်ပတ်သက်၍ အသေး စိတ်အား ဇယား- ၃ ဖြင့်ဖော်ပြထားပါသည်။

## ၁၃။ အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ

**၂၆။ (က) စီမံကိန်းမှ ထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် အသုံးပြုလျှက်ရှိသော ရုံးသုံးမော်တော်ဆိုင်ကယ်များ ပြုပြင်ရာတွင် အစားထိုးလည်းလှယ်ရမည့် ပစ္စည်းများဝယ်ယူရာတွင် မြို့နယ်အတွင်း ဝယ်ယူမရသည့်အတွက် ပြုပြင်ရာတွင် အချိန်ကြန့်ကြာမှုများရှိပါသည်။

**ပန်းတောင်းမြို့နယ်**

SAMSUNG Brand ရုံးသုံး Electronics ပစ္စည်းများ (Photo Copier, Fax & Scanner)သည် အပိုပစ္စည်းများ ရှားပါးပြီး ပြန်လည်ပြုပြင်ရန် နည်းပညာကျွမ်းကျင်သူ မြို့နယ်တွင်းတွင် ရှားပါးပါသည်။ LENOVO (i7) Laptop များ၏ Software များ Updateပြုလုပ်ရန် လိုအပ်ခြင်းနှင့် Internet ချိတ်ဆက်သုံးစွဲရာတွင် အခက်အခဲများရှိပါသည်။

**ရွှေကျင်မြို့နယ်**

စီမံကိန်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်းများအခက်အခဲအနေဖြင့် ရုံးသုံးစားပွဲများ ပြုပြင်ရန် လိုအပ်ခြင်း၊ စီမံကိန်းစာရွက်စာတမ်းမှတ်တမ်းဖိုင်များထားရှိရန်အတွက် သံဗီရိုလိုအပ်ချက်များ တင်ပြထားသော်လည်း ခွင့်ပြုချက်မရရှိသေးခြင်းတို့ကြောင့် လုပ်ငန်းမှတ်တမ်းဖိုင်များ ထားရှိရန် ခက်ခဲပါသည်။

**သဲကုန်းမြို့နယ်**

ကျောပိုးအိတ်များမရရှိသေးသည့်အတွက် ကျေးရွာများကွင်းဆင်းရာ၌ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရာတွင် အခက်အခဲရှိပါသည်။ မြို့နယ်တွင် ကျေးရွာများခြင်းနှင့် ဝန်ထမ်းအင်အားများပြီး ကွန်ပျူတာအရေအတွက်နည်းပါးသောကြောင့် VDP စာအုပ်များ ပြုလုပ်ရာတွင် အခက်အခဲရှိပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများ ဝယ်ယူရန် အခက် အခဲရှိပါသဖြင့် ဒေသတွင်း တွင်ခုံများတွင် တီထွင်၍ အသုံးပြုရပါသည်။ TVS (ဆိုင်ကယ် အသေး) များ၏ အရံပစ္စည်းများမှာလည်း ဒေသတွင်း ဝယ်ယူ မရရှိနိုင်သောကြောင့် ကုမ္ပဏီသို့ တိုက်ရိုက်မှာယူ သုံးစွဲရပါသည်။ တခါတရံ ကုမ္ပဏီတွင် ပစ္စည်းပြတ်နေသည့် အခါအရံပစ္စည်းများ ရရှိရန် ကြံ့ကြာမှုများ ရှိပါသည်။ ယခုအခါ ဆိုင်ကယ်အကြီး ချိန်း နှင့် စပေါ့ကက်ကို ဘုရားသုံးဆူမှ မှာကြား ဝယ်ယူ ရရှိနေပြီဖြစ်ပါသည်။မိတ္တူကူးစက် ပျက်နေပါသဖြင့် VDP book များအချိန်နှင့်အပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိပါ။

**ကော့ကရိတ်မြို့နယ်**

Printer များ၊ Copier များအတွက် ကျွမ်းကျင်Servicing မရှိခြင်း။ စားပွဲခုံများရှိ အံဆွဲများအတွင်း စာအုပ်များသိမ်းဆည်းသည့်အခါ အံဆွဲများပြုတ်သွားခြင်း။

**မန္တလေးတိုင်းဒေသကြီး**

Computer များမှာ ရုံးချုပ်မှ IT Assistant  လာရောက်ပြုပြင်သော်လည်း Window Software မှာ Out of Date ဖြစ်နေသဖြင့် Software Updated ပြုလုပ်ပေးရန် လိုအပ် နေပါသည်။

**ငါန်းဇွန်မြို့နယ်**

Laptop (၁)လုံး ဘတ္တရီ မကောင်းပါ။ စာရင်းဖိုင်များ သိမ်းဆည်းရန်အတွက် ဗီဒို (၁၀) လုံးခန့် လိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

ဘီရိုများမလုံလောက်ခြင်းနှင့် ဘီရိုတံခါးများခိုင်ခံ့မှုမရှိခြင်း၊ ဖိုင်များထားရှိရန် စာအုပ် စင်များ (သို့မဟုတ်)ဘီရိုများလိုအပ်နေပါသည်။ ဆိုင်ကယ်များပြင်ဆင်ရန် လိုအပ်လျှက်ရှိပြီး ကုမ္ပဏီနှင့်ချိတ်ဆက်ဆောင်ရွက်လျှက် ရှိပါသည်။

**နွားထိုးကြီးမြို့နယ်**

ဖိုင်စင်များလိုအပ်လျှက်ရှိပါသည်။

**ပလက်ဝမြို့နယ်**

မိတ္တူကူးစက်အခက်အခဲရှိနေဆဲဖြစ်ပါသည်၊ ပျက်နေသောTablet များအတွက် Tablet (၇) လုံး (Hawai Brand- အသစ်(၄)လုံးနှင့် ယခင်အဟောင်း(၃)လုံးရရှိခဲ့ပါသည်။ TF, CF များ

အသုံးပြုနေသော ဆိုင်ကယ်များအားလုံးကို အကြီးစားပြန်ပြင်ပေးခြင်းရှိခဲ့ပါသည်။ နောက်ထပ် မော်တော်ဆိုင် ကယ် အသစ်(၂၃)စီးလည်းထပ်မံအသေးစားပြုပြင်ရန်လိုအပ် Cannon Brand Printer (၂)လုံး ထပ်မံရရှိခဲ့ပါသည်။ လက်ရှိအသုံးပြုနေသောကွန်ပျူတာများမှာ ကောင်းမွန်မှု မရှိတော့ပါ။

**ဝွမြို့နယ်**

စီမံကိန်းမှ ထောက်ပံ့ပေးထားသော ကွန်ပျူတာများတွင် မြန်မာ (၃) စာလုံးများရိုက်ရန် အဆင်မပြေပါ။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် Motorbike ပြင်ဆင်ရန်၊ Tablet ပြင်ဆင်ရန်၊ ရရှိထားသော Copier သည် cartridge ဝယ်ရန်ခက်ခဲပါသည်။

**ငပုတောမြို့နယ်အနေဖြင့်**

ငပုတောမြို့နယ်သည် နယ်မြေကျယ်ပြန့်ပြီး ကုန်းလမ်းခရီးသာမက ရေလမ်း ခရီးလည်းများပြားသဖြင့် စီမံကိန်းမှ စက်လှေတစ်စီး ထပ်မံလိုအပ်လျက်ရှိပါသည်။ ယခင်နှစ်မှ ဗွီနိုင်းများ ရာသီဥတုကြောင့် ပျက်စီးနေခြင်း။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် ကျေးရွာအဆင့် ဝေဖန်အကြံပြုစာတိုက်ပုံးများ မရောက်ရှိခြင်း အတွက် ဝေဖန်အကြံပြုရာတွင် အခက်အခဲဖြစ်ခြင်း။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံး အဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများသည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ် ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် မိတ္တူကူးစက်ပျက်နေပါသဖြင့် စီမံကိန်း မှတ်တမ်းမှတ်ရာများ မိတ္တူကူးရန် အခက်အခဲရှိခဲ့ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှထောက်ပံ့ပေးသော Tablet များမှ Tablet screen အလုပ်မလုပ်သောကြောင့် Tablet (2) Nos နှင့် Motorbrike (2)စီးမှာ အင်ဂျင်ကျနေပြီဖြစ်သောကြောင့် အင်ဂျင်ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှ ထောက်ပံ့ပေးသော Tablet Samsung (၁)လုံးမှာ battery မကောင်း၊ မှန်ကွဲပြီးအသုံးပြုမရ၊ Huawei (၁)လုံးမှာ ရေဝင်ပြီး၊ Power ဖွင့်မရ အသုံးပြုမရသောကြောင့် နေပြည်တော်ဝယ်ယူရေးဌာနသို့ ပေးပို့ထားပါသည်။

**ကော့မှူး**

ကော့မှူးမြို့နယ်အနေဖြင့် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများ သုံးစွဲရာတွင် ယခုအခါစားပွဲ အံဆွဲအချို့ အပိတ်အဖွင့်မရခြင်း၊ သော့များပျက် စီးနေခြင်း၊ ဆိုင်ကယ် အပိုပစ္စည်းများ အလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန်ခက်ခဲမှုများရှိခြင်း၊ မိတ္တူကူး စက်များပြင်ဆင်ရန် ခက်ခဲမှုများရှိခြင်း၊ တို့တွေ့ကြုံနေရပါသည်။

**ကျောက်တန်း**

စီမံကိန်းပထမနှစ်စက်ဝန်းတွင် အသုံးပြုခဲ့သောဖိုင်များကို စနစ်တကျသိမ်းဆည်းရန်နှင့် စီမံကိန်းနှစ် စက်ဝန်းအတွက် အသုံးပြုသောဖိုင်များကို စနစ်တကျထားရှိနိုင်ရန်အတွက် ဖိုင်စင်များ၊ ဖိုင်ထည့်သိမ်းရန်အတွက် ပလပ်စတစ်ပုံးများကို ဝယ်ယူသုံးစွဲခွင့်ပေးပါရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ရာတွင် စီမံကိန်းရုံးပစ္စည်းများ လက်ခံရရှိပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်မှ တင်ပြထားသည်မှာ စီမံကိန်းတွင် အသုံးပြုနေသော ကွန်ပြူတာများအား ပုံမှန်Update ပြုလုပ်ရန် လိုအပ်ကြောင်း၊ စီမံကိန်းသုံးTablet(၂)လုံးအားပြင်ဆင်ရန် Union သို့ (၂၅.၈.၂၀၁၇) ရက်နေ့တွင် ပေးပို့ထားရာ Union မှ (၁၇.၁၂.၂၀၁၈)ရက်နေ့တွင် ပြင်ဆင်ပြီးကြောင်းအကြောင်းကြားခဲ့ပါသည်။ သို့ရတွင် သုံးစွဲသူ တစ်ဦးသည် စီမံကိန်းမှ နှုတ်ထွက်သွားသည်မှာ (၁)နှစ်ခန့် ကြာမြင့်နေပြီဖြစ်သဖြင့် ပြင်ဆင်စရိတ်ကျသင့်ငွေ တောင်းခံရာတွင် အခက်အခဲရှိကြောင်း၊ စီမံကိန်းသုံး Tablet များ အသုံးပြုရာတွင် ပါဝါအလိုလျောက် ပိတ်သွားခြင်း၊ စက်ဟမ်းခြင်း၊ ဘက်ထရီအားမနေခြင်းများ ကြုံတွေ့ရကြောင်း၊ Laptop များမှာလဲ စက်ဟမ်းခြင်း၊

ကီးဘုတ်လက်ကွက်များ နှိပ်မရခြင်း၊ အားသွင်းရာတွင် အားမဝင်ခြင်းတို့ ကြုံတွေ့နေရကြောင်း၊ Water Cooler တွင် ခလုပ်များပျက်စီးနေပြီး အသစ်ဝယ်ယူ အစားထိုးမရခြင်းများ ကြုံတွေ့ နေရကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှ တင်ပြထားသည်မှာ Honda မော်တော်ဆိုင်ကယ် များ၏အပိုပစ္စည်းများ ဝယ်ယူရရှိနိုင်ရန် ခက်ခဲသောကြောင့် အချိန်မီ ပြင်ဆင်လဲလှယ်ပေးနိုင်ခြင်း မရှိကြောင်း တင်ပြထားပါသည်။

**ချောင်းဆုံမြို့နယ်**

စီမံကိန်း၏ MIS အတွက် ကျေးရွာအချက်အလက်များ ဖြည့်သွင်းရာတွင်Tablet များ အရေးကြီးပါသည်။ ယခု(၃)လအတွင်း Tablet (၄) လုံး၊ Laptop (၁)၊ Desktop (၃) လုံး ပျက်စီးသဖြင့် ပုံစံ (၉.၅) ပစ္စည်းပျောက်ဆုံး/ ပျက်စီးမှုအစီရင်ခံစာဖြင့် ဝယ်ယူရေးဌာနသို့ တင်ပြထားပါသည်။

**ကယားပြည်နယ်**

ကယားပြည်နယ်လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယစီမံကိန်းတာဝန်ခံအသုံးပြုသည့် Tablet သည် လွိုင်ကော်မြို့နယ်အတွင်း ကွင်းဆင်းစဉ်ကားပေါ်မှအဆင်း တွင် မတော်တဆပြုတ်ကျရာ Power တက်လိုက်ကျလိုက် ဖြစ်နေ၍ အသုံးပြု၍ မရတော့ပါသဖြင့် (၁၆.၃.၂၀၁၈) ရက်နေ့တွင် Union Procurementသို့ ပြန်လည်ပေးပို့ထားသော်လည်း ယနေ့ထိ ပြန်လည်မရရှိသေးသဖြင့် လုပ်ငန်း များဆောင်ရွက်ရာတွင် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဖားဆောင်းမြို့နယ်**

စတုတ္ထနှစ် စီမံကိန်းစက်ဝန်းသို့ ရောက်ရှိနေသည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ် များနှင့် လမ်းခရီးကြမ်းတမ်းခက်ခဲသည့် ဖားဆောင်းမြို့နယ်များရှိ ဆိုင်ကယ်များ အကြီးစား ပြင်ဆင်ရန် လိုသည့်လျှက်ရှိသဖြင့် ပြင်ဆင်စရိတ် (၃၀၀၀၀၀/-)အထက် လိုအပ်လျှက်ရှိခြင်း။ TVS ဆိုင်ကယ် များနှင့် Honda ဆိုင်ကယ်များအတွက် ပြင်ဆင်ရန်လိုအပ်သောအပိုင်းများနှင့် အပိုပစ္စည်းများ ဝယ်ယူခြင်း၊ ပြင်ဆင်ခြင်းများ မြို့နယ်အစီအစဉ်ဖြင့် ခွင့်ပြုဆောင်ရွက် ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

အလွန်ကြမ်းတမ်းသည့် တောင်တက်ခရီးလမ်းများအတွက် ချမှတ်ထား ပေးသည့် ဆိုင်ကယ်အကြီးများ Engine Power နည်းလွန်းခြင်း။ ဖားဆောင်းမြို့နယ်တွင် Laptop (၆)လုံး ရရှိထားသော်လည်း မြို့နယ် နည်းပညာအကြံပေးအဖွဲ့နှင့် ကျေးလက်ဝန်ထမ်း စုပေါင်း (၁၃)ဦး

ရှိခြင်း၊ (၃)မြို့နယ်(၁)ရုံးဖြစ်ခြင်းတို့ကြောင့် အသုံးပြုရာတွင် အခက်အခဲရှိပြီး ထပ်မံလိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ဖားဆောင်းမြို့နယ်မှ Honda မော်တော်ဆိုင်ကယ်တစ်စီးသည် အင်ဂျင်ပိုင်းတွင် ပျက်စီးပြီး ဆိုင်ကယ်ပြင်ဆိုင်သို့ ပို့ထားပြီးဖြစ်သော်လည်း စက်အပိုပစ္စည်းများသည် အလွန်ပင် ရှားပါးခြင်း၊ မရှိခြင်းကြောင့် Union သို့လှမ်းမှာထားသော်လည်း ယခုအချိန်ထိမရရှိပါသဖြင့် လက်ရှိအချိန်ထိ ပြင်ဆင်ရန်အခက်အခဲရှိနေပါသည်။ ဖားဆောင်းရုံးအတွက် Air Router and tablet များပျက်စီးသောကြောင့် ရုံးချုပ်သို့ ပေးပို့တင်ပြထားပြီးသော်လည်း လက်ရှိအချိန်ထိ ပြန်လည်ရောက်ရှိမှု မရှိသေးပါ။

## မတူပီမြို့နယ်

စီမံကိန်းမှ ထောက်ပံ့ပေးသော မော်တော်ဆိုင်ကယ်များအတွက် အပိုပစ္စည်းများ ဒေသတွင် မရရှိနိုင်ခြင်း၊ မန္တလေး TVS ကုမ္ပဏီအရောင်းဆိုင်တွင်လည်း အပိုပစ္စည်းများ လုံလောက်စွာ အဆင်သင့်ဝယ်မရခြင်းကြောင့် အခြားတံဆိပ်( တရုတ်နိုင်ငံထုတ် KENBO အမှတ်တံဆိပ်) များကို ပြုပြင်ကာ အစားထိုးသုံးစွဲရသော်လည်း အဆင်မပြေပါ။ မော်တော်ဆိုင်ကယ်များ အသုံးပြုမှု တစ်နှစ်ကြာမြင့်ပြီးဖြစ်သောကြောင့် အလတ်စား ပြုပြင်ထိန်းသိမ်းခြင်း လုပ် ဆောင်ရန် လိုအပ်ပါသည်။ စီမံကိန်းမှထောက်ပံ့သော DT ဆိုင်ကယ်များ (၁၅စီး)အား အသုံးပြုလျက်ရှိပြီး ၁ စီးမှာ ပြုပြင်ရန် လိုအပ်နေပါသည်။ လက်တော့ပ်ကွန်ပျူတာ(Laptop Computer)များ လုပ်ဆောင်ချက် နှေးကွေးခြင်း၊ ရုံဖန်ရုံခါ ပါဝါဖွင့်မရခြင်း၊ ကီးဘုတ်များ ကောင်းမွန်စွာ အလုပ် မလုပ်ခြင်းများ ကြုံတွေ့ရပါသည်။ ပြင်ဆင်ရန် ပေးပို့ထားသော SAMSUNG Tablet (၄)လုံးအား မူလပေးပို့ထားသည့် အတိုင်း လက်ခံရရှိပြီး ၎င်းအစား HUIWAI Tablet ၄ လုံး လက်ခံရရှိထားပါသည်။

## တွန်းဇံမြို့နယ်

Honda 125(DT) ဆိုင်ကယ်(၆)စီးနှင့် TVS (၂၉)စီး စုစုပေါင်း(၃၅)စီး ရရှိသော်လည်း တောင်ပေါ်ဒေသ မိုးတွင်းကာလဖြစ်ပြီး သွားလာရေးခက်ခဲသောကြောင့် ဆိုင်ကယ်များ အပျက်အစီးများခြင်း၊ Honda 125 အရံပစ္စည်းများ ရှားခြင်းကြောင့် ဝယ်ယူရန် အခက်အခဲရှိခြင်း။

## ဆီဆိုင်မြို့နယ်

ဆီဆိုင်မြို့နယ် အနေဖြင့် စီမံကိန်းမှထောက်ပံ့သော အသုံးအဆောင်ပစ္စည်းအသုံးပြုရာတွင် Samsung Copier Machine(Multi Xpress k3300NR)မိတ္တူကူးစက်ကြီးမှာဆေးကုန်သည့်အခါတွင်လည်းကောင်း ပြုပြင်ရန်လိုအပ်သည့်အခါတွင်လည်းကောင်း ဆီဆိုင်မြို့နယ် အပါအဝင်ရှမ်းပြည်(တောင်ပိုင်း)ရှိ မြို့နယ်များတွင် Catridgeများဝယ်ယူရန်၊ Serviceပြုလုပ် ရန်၊ နည်းပညာရှင်ခေါ်ယူရန်အခက်အခဲရှိနေပါသည်။ လူထုဗဟိုပြုစီမံကိန်းရုံး၌ နိုင်ငံတော် မဟာ

ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးသဖြင့် ကွန်ပျူတာများပရင်တာများ၊ မိတ္တူကူး စက်ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် နေ့စဉ်မီးစက်ကိုသာအသုံးပြုရသည့် အခြေအနေဖြစ် နေပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်းများ အနေဖြင့် နေပြည်တော်(ရုံးချုပ်)မှ လိုအပ်သော ပစ္စည်းအချို့ရောက်ရှိပြီး ဖြစ်သော်လည်း ဗွီနိုင်းများ၊ လက်ကမ်းစာစောင်များ အကြံပြုတိုင်ကြားစာတိုက်ပုံးနှင့် ကျောပိုးအိတ်များ မရရှိသေးပါ။

**ပူတာအိုမြို့နယ်**

စီမံကိန်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်းများအနေဖြင့် နေည်ပြည်တော်ရုံးချုပ်မှ လိုအပ်သော ပစ္စည်းတစ်ချို့ရောက်ရှိပြီးဖြစ်သည်။ သို့သော် Pamphlet များနှင့် ကျောပိုးအိတ်များလည် မရရှိသေးသော အခက်အခဲများ ရှိပါသည်။

**ရွှေကူမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းကွင်းဆင်းတိုင်းတာရန် Auto Level မရှိသဖြင့် တိုင်းတာရန် အခက်အခဲ ဖြစ်ရပါသည်။ ဝန်ထမ်းများကျောပိုးအိတ် မရရှိခြင်းကြောင့် စာရွက်စာတမ်းများ သယ်ဆောင်ရာတွင် ခက်ခဲပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီးတွင် စီမံကိန်းမြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်းရာ၌ ရုံးချုပ်မှချပေးထားသော ၁၁၀စီစီမော်တော်ဆိုင်ကယ်များဖြင့် ကွင်းဆင်း ဆောင်ရွက်ရာတွင် လွယ်ကူသော်လည်း တစ်ချို့ကျေးရွာအုပ်စုများသို့ ကွင်းဆင်းရာတွင်မူ အဆင်မပြေပါ။ ထို့ကြောင့် လမ်းကြမ်းအသုံးပြုနိုင်သည့် ဆိုင်ကယ် (၂)စီးခန့် ပံ့ပိုးပေးပါက ပိုမိုအဆင် ပြေပါမည်။

**တနင်္သာရီမြို့နယ်**

တနင်္သာရီမြို့နယ်သည် သွားလာရခက်ခဲသောမြို့နယ်များအထဲတွင် ပါဝင်ပြီး မိုးရာသီတွင် ရေလမ်းခရီးကိုပြောင်းလဲအသုံးပြုရခြင်း၊ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပါကလည်း လမ်းဆိုးသောကြောင့် စီမံကိန်းမှ လက်ရှိပံ့ပိုးပေးထားသော ၁၁၀ စီစီ ဆိုင်ကယ်များနှင့် တစ်ချို့ကျေးရွာများအတွက် အဆင်မပြေပါ။ ထို့ကြောင့် ခရီးကြမ်း အသုံးပြုနိုင်မည့် မော်တော်ဆိုင်ကယ် DT (၁၀)စီးခန့် ပံ့ပိုးပေးပါကမိုးရာသီအချိန် ကွင်းဆင်းသွားရောက်ရာတွင် ပိုမိုအဆင်ပြေနိုင်မည် ဖြစ်ပါသည်။

**(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန်အတွက် လမ်းများမှာ အဆင်မပြေ သေးသည့်အတွက် ကျန်ရှိနေသေးသော စီမံကိန်းလုပ်ငန်းခွဲများမှာ အချိန်မီပြီးစီးနိုင်ခြင်း မရှိသေးပါ။

**ပန်းတောင်းမြို့နယ်**

ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများ၊ ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်မှု အားနည်းခြင်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အခက်အခဲ အနည်းငယ် ရှိပါသည်။

**ရွှေကျင်မြို့နယ်**

စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျေးရွာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများမှာ ဒေသတွင်း စိုက်ပျိုးချိန်နှင့် တိုက်ဆိုင်သောအခါများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာခဲ့ပါသည်။ ရွှေကျင်မြို့နယ်ရှိ စီမံကိန်းလုပ်ငန်းခွဲအများစုသည် ဂဝံမြေသားလမ်းပြုလုပ်ရန် အဆိုပြု ထားကြပြီး ဂဝံလုပ်ငန်းနှင့်ပတ်သက်၍ ဒေသတွင်း လိုင်စင်ရရှိမှုအခက်အခဲ၊ သယံဇာတ တူးဖော်မှုအခြေအနေများကြောင့် လုပ်ငန်း ဆောင်ရွက်ရာတွင် နှောင့်နှေးခဲ့ပါသည်။ ပွင့်လင်းရာသီ ရောက်သော်လည်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပစ္စည်းများ သယ်ယူမှုတွင် အခက်အခဲရှိခြင်း၊ ယန္တရားများသွားလာရန် အစဉ်မပြေမှုများကြောင့် စီမံကိန်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ခက်ခဲခဲ့ပါသည်။

စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျေးရွာကော်မတီဝင်များမှ အချိန်မပေးနိုင်မှု၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးလုပ်ငန်းစဉ်များတွင် သတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်မှုမရှိဘဲ လွဲမှားမှုများ ရှိခဲ့သဖြင့် ပြန်လည်လုပ်ဆောင်ရခြင်းများကြောင့် စီမံကိန်း လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရန် နှောင့်နှေးခဲ့ရပါသည်။

**သဲကုန်းမြို့နယ်**

စီမံကိန်းစတင်ချိန်သည် ဒေသတွင်းမိုးစပါးရိတ်သိမ်းချိန်နှင့် ဆောင်းရာသီသီးနှံ စိုက်ပျိုးချိန်တိုက်ဆိုင်နေသဖြင့် ကျေးရွာအစည်းအဝေးများ ကျင်းပရာ၌ အခက်အခဲရှိပါသည်။

**လယ်ဝေးမြို့နယ်**

လယ်ဝေးမြို့နယ်အနေဖြင့်တတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ အနက် အောင်သာကျေးရွာအုပ်စုမင်းရေးကျေးရွာ ရိစာလမ်းခင်းခြင်းနှင့် တံတားငယ်(၅) စင်း ဆောက်လုပ် ခြင်းလုပ်ငန်းခွဲသည် ကန်ထရိုက်၏ စာချုပ်ပါ တာဝန်ယူမှု တာဝန်ခံမှု နည်းပါးခြင်း၊

ကျေးရွာ ကော်မတီဝင်များ၏ စောင့်ကြည့်ကြီးကြပ်နိုင်မှု အားနည်းခြင်းတို့ကြောင့် လုပ်ငန်းခွဲပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ၂၀၁၉ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးနိုင်ရန် တွန်းအားပေးဆောင်ရွက် လျက်ရှိပါသည်။ တတိယနှစ် စက်ဝန်းတွင် ပါရှိသောအင်ပင်အုပ်စု ညောင်ပင်အိုင်ကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်း လုပ်ငန်းခွဲတည်နေရာသည် ဆည်မြောင်း လက်တံ ပေါ်တွင်ရှိခြင်း၊ ၃၃.ကေဗွီအေ လျှပ်စစ်ဓါတ်အားလိုင်းနှင့် အလွန်နီး ကပ်လျက်ရှိခြင်း၊ သဘာဝ ဓါတ်ငွေ့ပိုက်လိုင်း အနီးတွင်ရှိခြင်းတို့ကြောင့် သက်ဆိုင်ရာ ဌာနများ၏ ခွင့်ပြုချက်များ ရရှိရန် ဆောင်ရွက်ရခြင်း၊ ထို့အပြင် ကျေးရွာ၏ပထမဆုံးဖြတ်ချက်မှာကန်ထရိုက်ဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သော်လည်း ရံပုံငွေလုံလောက်စွာ မရှိခြင်းကြောင့် ဆောင်ရွက်လိုသော ကန်ထရိုက်မရရှိသဖြင့် လူထုလုပ်အား ဖြင့် ပြောင်းလဲလုပ်ဆောင်ရခြင်းတို့ကြောင့် နှောင့်နှေး ကြန့်ကြာ ခဲ့ရပါသည်။ ယခုအချိန်တွင် လုပ်ငန်းပြီးစီးမှု ၆၀ ရာခိုင်နှုန်း ရှိနေပြီး ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလကုန်တွင် လုပ်ငန်းပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ဝင်ကျေးရွာအုပ်စု ချယားကုန်း ကျေးရွာ ချောင်းကူးတံတား မွမ်းမံပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွဲသည် မိုးတွင်းကာလချောင်းရေမြင့်တက်နေသဖြင့်ချောင်းရေကျဆင်းရန် စောင့်ဆိုင်းနေရခြင်းကြောင့် လုပ်ငန်းခွဲမစတင်နိုင်ခဲ့ပဲ တတိယနှစ်စက်ဝန်းတွင် အခြား ကျေးရွာများနှင့် အတူ လုပ်ငန်းခွဲမပိတ် သိမ်းနိုင်ခဲ့ပါ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးရန် ကြိုးပမ်းလျက်ရှိပါသည်။ ညိုပင် ကျေးရွာအုပ်စု၊ သုံးတန်ကူးကျေးရွာ ချောင်းကူးတံတား မွမ်းမံပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းခွဲ မှာ မိုးတွင်းကာလ ချောင်းရေ မြင့်တက်နေခြင်း ၊ ရံပုံငွေ လုံလောက်မှုမရှိခြင်း၊ ဂက်ကမူဆည်၏ ဆည်ရေသောက် ဧရိယာများအတွက် ဆည်ရေလျှော့ချ ပေးနိုင်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းစတင်နိုင်မှုမရှိပဲ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ မှသာ လုပ်ငန်းစတင်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါသည်။

ပျဉ်းမနားမြို့နယ်တွင် ညောင်ပင်သာကျေးရွာအုပ်စု၊ အလယ်+သဲကျွန်းကျေးရွာ ပေ(၁၀၀) ချောင်းကူးတံတားတည်ဆောက်ရေးအတွက် တိုင်းတာခြင်း၊ အသေးစိတ် တွက်ချက်ခြင်းစသည့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများကို မြို့နယ်အဆင့်အနေဖြင့် အခက်အခဲ ရှိပါသည်။ ၎င်းလုပ် ငန်းများ မှာသက်ဆိုင်ရာ ကျေးလက်လမ်းတံတားဦးစီးဌာနသို့ ဆက်သွယ် ဆောင်ရွက် ခဲ့သော်လည်း ယနေ့ အထိအဆင်ပြေမှုမရှိသေးပါ။ ၎င်းကျေးရွာများမှ ရရှိသည့် ယခုနှစ် ရန်ပုံငွေနှင့် ယခင်နှစ်ကျန်ရှိသည့် ရန်ပုံငွေစုစုပေါင်းအနေဖြင့်လည်း လုံလောက်နိုင်မှု မရှိနိုင်ပါ။ ၎င်းအခက်အခဲများနှင့်ပတ်သက်၍ တိုင်းဒေသကြီးမှတစ်ဆင့် နေပြည်တော်ရုံးချုပ်သို့ တင်ပြ ထားရှိပြီးဖြစ်ပါသည်။ ၎င်းတံတားအား လူထုဗဟိုပြုစီမံကိန်းအစား ကျေးလက် လမ်းတံတား ဦးစီးမှ တာဝန်ယူဆောင်ရွက်မှသာအဆင်ပြေ နိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

အဝီဇိတွင်းများ သည်လည်း လုံလောက်သော ရေထွက်ရှိရန်အတွက် နေရာရွှေ့ပြောင်း တူးရသဖြင့် တိုးတက်မှု နှေးခဲ့ရခြင်း ဖြစ်ပါသည်။

## လှိုင်းဘွဲမြို့နယ်

ရေတံခွန်၊ ရင်းဘိုင်း၊ မဲလရော၊ တာလယ်၊ ဝင်းစော၊ မြိုင်ကြီးငူ(၁)နှင့်(၂) ကျေးရွာအုပ်စု(၇)အုပ်စုရှိ၊ ကျေးရွာပေါင်း(၉၂)ရွာ သည်လတ်တလော နယ်မြေ ဒေသလုံခြုံမှုနှင့် ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုအခြေအနေများအရ စီမံကိန်း ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ကိုမောင်ကျေးရွာအုပ်စုနှင့် မြလေးအုပ်စုများမှ တင်ပြလာသော စီမံကိန်း လုပ်ငန်းခွဲများအား TPIC သို့တင်ပြရာတွင် ခွင့်ပြုချက်ရပြီးနောက် ကရင်ပြည် နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပိုမိုသင်လျော်သောလုပ်ငန်း (ကျေးရွာ ခြင်းဆက် ကျောက်ချောမြေသားလမ်း ခင်းခြင်း) ကျေးရွာသို့ပြန်လည် ညှိနိူင်းရန် အကြံပေးညွှန်ကြားလာပါသဖြင့် လှိုင်းဘွဲမြို့နယ်ကျေးလက်ဦးစီးမှ CF/TF တို့အား ထပ်ဆင့်လမ်းညွှန်မှုပြုခဲ့ပါသည်။ ထို့ကြောင့် CF/TF တို့မှ ကျေးရွာ လူထုနှင့် ထပ်မံတွေ့ဆုံကာ ကျေးရွာခြင်းဆက်ကျောက်ရောမြေသား လမ်းခင်းခြင်း စီမံကိန်း လုပ်ငန်းခွဲအား ဆောင်ရွက်နိုင်ရန် ပြန်လည်ညှိနှိုင်းခဲ့ရပြီး ဦးစားပေးလုပ်ငန်းများ ပြန်လည်ရွေးချယ်အတည် ပြုရခြင်း အစည်းအဝေး ထပ်မံဆောင်ရွက်ရခြင်း အစည်းအဝေးမှတ်တမ်းများ ထပ်မံပြုစုရခြင်း တို့ကြောင့် လုပ်ငန်းစတင်နိုင်ရန် နှောင့်နေးကြံ့ကြာမှုများ ကြုံတွေ့လျှက်ရှိပါ သည်။

လှိုင်းဘွဲဒေသအတွင်းရှိ ကျောက်/သဲရောင်းဝယ်ရေးတွင် ဒေသတွင်း သတ်မှတ်သောတန်ချိန်သည် ဆောင်လုပ်ရေးစံနှုန်းတွင် အသုံးပြုသော နည်းပညာစံနှုန်းနှင့်များစွာ ကွာဟမှုများရှိနေပါသဖြင့် Estimate တွက်ချက်မှုထက် ဝယ်ယူရေးတွင် ပမာဏ ကျော်လွန်မှုများဖြစ်နေရသည်။ ဥပမာ- ကွာဟမှုပမာဏမှာ (၁)ကျင်းလျှင် ၁.၉/၁.၈ ကျင်းသာပါရှိပါသည်။ ထို့ကြောင့် (၁၀)ကျင်းဝယ်လျှင် (၁)ကျင်းလျော့ခြင်း(ကားကြီး)၊ (၅)ကျင်းဝယ်လျှင် (၁)ကျင်းလျော့ခြင်း(ကားသေး)စသည့်ကိစ္စများဖြင့် ကြုံတွေ့နေရပြီး ဖြေရှင်း ဆောင်ရွက်ရန် နည်းလမ်းအား ဆွေးနွေးတိုင်ပင်နေသော အဆင့်တွင်သာ ရှိနေပါသောကြောင့် လိုအပ်သော အကြံဉာဏ်များ ပံ့ပိုးမှုလိုအပ်ပါသည်။

## ကော့ကရိတ်မြို့နယ်

အချို့သောကျေးရွာများတွင် ယခင်ကရှိခဲ့သောပြဿနာများကို လူထုဗဟိုပြု စီမံကိန်းဝင်ရောက်ချိန်မှ ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးမှတစ်ဆင့် တိုင်ကြားခြင်း။ ဘာသာရေးခေါင်းဆောင်အချို့သည်ကျေးရွာသူ/သားများအပေါ်ဩဇာလွှမ်းမိုး နေသောကြောင့် လုပ်ငန်းများအကောင်အထည်ဖော်ရန် နောက်ကျနေခြင်း။ ပါတီနိုင်ငံရေးတွင် အဖွဲ့များ ကွဲနေသဖြင့် လုပ်ငန်းအကောင်အထည်ဖော်စဉ် အနှောက်အယှက်ဖြစ်ခြင်း။ ရာသီအလိုက် ပွဲတော်များ၊ ရာသီသီးနှံ(စပါး)ရိတ်သိမ်းချိန်ဖြစ်သောကြောင့် အစည်းအဝေးတွင် ၅၀% ပြည်ရန် အချိန်ပေးစောင့်ဆိုင်းနေရခြင်း။

## ငါန်းဇွန်မြို့နယ်

ငါန်းဇွန်မြို့နယ်သည် ရေဝင်ရပ်ဒေသဖြစ်သောကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြန့်ကြာမှုများရှိသည်။

## ညောင်ဦးမြို့နယ်

စီမံကိန်း(၃)လပါတ်ကာလဖြစ်သော(အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာ)လများအနေဖြင့် စီမံကိန်းလုပ်ငန်းစဉ်များအရ အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့သော သင်တန်း များနှင့် လုပ်ငန်းများမှာ O&M သင်တန်း၊ Finance သင်တန်း၊CMT သင်တန်း၊ Site Survey & Estimate တွက်ချက်ခြင်းနှင့် Procurement Plan များရေးဆွဲခြင်းများ၊ Gender and Grievance Training နှင့် ကျေးရွာလူဦးရေစာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ရမည်းသင်းမြို့နယ်

အချို့ကျေးရွာများသည် ရန်ပုံငွေခွဲရာတွင် ညီညွတ်မှု မရှိသည့်အတွက် ဆောင်ရွက်မှု နှောင့်နှေးခြင်း။ ကျေးရွာ တွင်းအပိုင်း ကွဲနေပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်ခြင်း။

## နွားထိုးကြီးမြို့နယ်

ပထမအကြိမ်၊ဒုတိယအကြိမ်အစည်းအဝေးကျင်းပရာတွင် (၅၀%) ကျော်လွန်အောင် (၁)ကြိမ်ထဲနှင့် မရရှိသောကြောင့်(၂)ကြိမ်၊(၃)ကြိမ်ဆောင်ရွက်ရသော ကျေးရွာအချို့ရှိခဲ့ပါသည်။

## ပလက်ဝမြို့နယ်

ပလက်ဝမြို့နယ်သည် နယ်မြေကျယ်ပြန့်ကြီးမားကာ ကျေးရွာများ ပြန့်ကြဲတည်ရှိနေမှုကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသည်။ ဝန်ထမ်းများနှင့် အဆက်အသွယ် ရရှိနိုင်မှု ခက်ခဲသည်။ တစ်ချို့ကျေးရွာ များမှာ ရေစီးသန်သော ချောင်းငယ်များမှတဆင့်မိုးရာ သီတွင်သွားလာရအဆင်ပြေလွယ်ကူ သည်။ နွေရာသီတွင် ချောင်းရေတိမ်သောကြောင့် သွားလာရခက်ခဲသည်။

အထက်ကုလားတန်ဒေသရှိ တစ်ချို့ကျေးရွာများမှာ နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် စီမံကိန်းလုပ် ငန်းများ ရပ်နားထားခဲ့ရပြီး၊ စစ်ပွဲများမကြာခဏဖြစ်ပွား နေမှုကြောင့် အထက်ကုလားတန်ဒေသရှိ တစ်ချို့ရွာ များသို့ တာဝန်ကျဝန်ထမ်းများ သွားလာရခက်ခဲမှု ကြုံတွေ့နေရပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်မည့် အချိန်နှင့် စပါးရိတ်သိမ်းချိန် တိုက်ဆိုင်နေပါသဖြင့် ကျေးရွာလူထုများ၏ စီမံကိန်းတွင်အပြည့်အဝ ပူးပေါင်းပါဝင်ရန် အခက်

အခဲကြုံ တွေ့ခဲ့ရပါသည်။ တချို့ကျေးရွာများ စစ်ပွဲကြောင်း ကျေးရွာများကွင်းဆင်းမှု မဆောင်ရွက်နိုင်သေးပါ။

**လေးမျက်နှာမြို့နယ်**

လေးမျက်နှာမြို့နယ်အနေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ ယခင်နှစ်များထက် စောလျင်စွာ စနိုင်သော်လည်း အချို့ကျေးရွာများတွင် မြေယူရန်ခက်ခဲခြင်း၊ ပစ္စည်းသယ်ယူ ရန်ခက်ခဲခြင်းတို့ကြောင့် စောလျင်စွာမဆောင်ရွက်ခဲ့ပါ။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆဲကာလ ဖြစ်နေပါသဖြင့် ကျေးရွာ လူထုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်သည့်အစည်းအဝေး၊ လုပ်ငန်း ပူးပေါင်းပါဝင်လုပ်ဆောင်မှု အနည်းငယ်အခက်အခဲ ဖြစ်စေခဲ့သည်မှအပ ထူးခြား အခက်အခဲမရှိပါ။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ဝင်များ ကဏ္ဍအလိုက် ပူးပေါင်း ပါဝင်လုပ်ဆောင်မှုအားနည်းခြင်း။ယခုသုံးလပတ်အတွင်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ တပြိုင်တည်းနည်းပါး စတင်ဆောင်ရွက်ကြခြင်း ကြောင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ရာတွင် အခက်အခဲများရှိခြင်း၊ ကြန့်ကြာခြင်း။

ပြေီနှင့်မေလများတွင် ဆောက်လုပ်ရေးအတွက် အသုံးပြုရန် အချို့ ကျေးရွာများတွင် ရေအခက်အခဲရှိခဲ့ခြင်းကော်မတီဝင်များ အပြောင်း အလဲများခြင်း။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် စီမံကိန်း စတင်ဆောင်ရွက်သည်ဖြစ်သောကြောင့် သက်ဆိုင်ရာ လူကြီးမင်းများ စီမံကိန်းအကြောင်း ထပ်ခါထပ်ခါ ရှင်းပြနေရခြင်း။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် ဒုတိယနှစ်၊တတိယနှစ်စက်ဝန်းများတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် TF(၃)ဦးနှင့် CF(၂)ဦးနှုတ်ထွက်သဖြင့် TF,CF လစ်လပ်သော ကျေးရွာများစတုတ္ထနှစ်စီမံကိန်း စက်ဝန်းအကောင်အထည်ဖော်ချိန် နောက်ကြခဲ့ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် ၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လမ်းကြိတ်စက် နှင့် မြေညှိစက် ဌားရမ်းသုံးစွဲရန် ခက်ခဲပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် လုပ်ငန်းခွဲများဆောင်ရွက်ချိန်တွင် ဆောင်းသီနှံနှင့် စပါးများရိတ်သိမ်းချိန်ဖြစ်နေသောကြောင့် ကော်မတီနှင့် ကျေးရွာလူထုမှာ လုပ်ငန်းခွဲတွင် ပူးပေါင်းပါဝင်မှု အားနည်းပါသည်။လုပ်ငန်းခွဲ (၁၀၄) ခုတွင် လမ်းပြုပြင်ခြင်းလုပ်ငန်းခွဲ (၇၆) ခုပါရှိပြီးဒေသတွင် လမ်းကြိတ် စက်ပြည့်စုံလုံလောက်မှုမရှိသောကြောင့် လမ်းကြိတ်စက်အလှည့်ကျ စောင့်ဆိုင်းရမှုကြောင့်လုပ်ငန်းခွဲများ အကောင်အထည်ဖော်ပြီးစီးမှု နှောင့်နှေးကြန့်ကြာနေပါသည်။

**ထန်းတပင်**

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထောက်ပံ့ငွေ မလုံလောက်ခြင်း၊ ကျေးရွာအုပ်စုများအတွက် admi အသုံးစရိတ်မလောက်ခြင်း၊ ငွေထုတ်ရာတွင် ခက်ခဲခြင်း၊ Tablet များနှင့် PC Softwareများ အလုပ်မလုပ်ခြင်း၊ IECပစ္စည်းများ ရှားပါးခြင်း၊ ဝေဖန်အကြံပြုစာများ ကဏ္ဍအလိုက် ဖြေရှင်းရန် ခက်ခဲခြင်း၊ ဘာသာစကားအခက်ခဲရှိခြင်း၊ ကော်မတီဝင်များ အပြောင်းအလဲများသောကြောင့် သင်တန်းပေးရာတွင် ခက်ခဲခြင်း၊ ပြည်သူလူထုများ သင်တန်းတက်ရောက်မှု အားနည်းခြင်း၊ အမျိုးသမီးများသည် သင်တန်းများနှင့် အစည်းအဝေးတက်ရောက်ရာတွင် အားနည်းခြင်း၊

**ကော့မှူး**

ကျေးရွာအစည်းအဝေးပွဲများ၊ လူထုစစ်ဆေးပွဲများပြုလုပ်ရာတွင် ကျေးရွာလူထုမှ အလုပ်မအားသည့်အတွက်၄င်း၊ အလှူအတန်းများနှင့် တိုက်ဆိုင်သည့်အတွက်၄င်း ၅၀% ပြည့်မှီရန် ခက်ခဲပြီး မကြာခဏ အစည်းအဝေးပွဲများ ရွှေ့ဆိုင်း ခဲ့ရပါသည်။ လည်ပတ် ထိန်းသိမ်းရန်ပုံငွေကောက်ခံရာတွင် အခက်အခဲရှိခြင်း၊ ကျေးရွာလူထုမှ ထည့်ဝင်မှုအားနည်းခြင်း၊ တာဝန်ယူကောက်ခံမည့်သူမှ အတိအကျတာဝန် မယူခြင်း။ ကော်မတီဝင်များမှ အကာအကွယ် ပစ္စည်းအသုံးပြုမှုနှင့် ပတ်သက်၍ စောင့်ကြည့်မှု အားနည်းခြင်း။

**ကျောက်တန်း**

လုပ်ငန်းရာသီချိန်ဖြစ်သောကြောင့် စီမံကိန်းမိတ်အစည်းအဝေးများတွင် (၅၀%) မပြည့်သဖြင့်(၂)ကြိမ်(၃)ကြိမ်ခန့် ဆောင်ရွက်ရခြင်း၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ရွှေပျောက် ကျေးရွာတွင် အမဲအများဆုံးရရှိသော ကြက်ခတ်ကုန်းလမ်းကို ဦးစာပေးရွေးချယ်ထားသော်လည်း လူနည်းစုမှ ကန့်ကွက်ခြင်းများရှိပါသည်။ ဇီးဖြူပင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(လမ်းအမည်အလိုက်)ရရှိထားသော်လည်း တိုင်ကြားထားသောကြောင့် လုပ်ငန်းများကို ယာယီရပ်ဆိုင်း ထားခဲ့ရပါသည်။

**ကွမ်းခြံကုန်း**

တတိယနှစ်စက်ဝန်း စတင်ချိန်သည် ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် တိုက်ဆိုင်နေသောကြောင့် အစည်းအဝေးများနှင့် သင်တန်းများတွင် လူမစုံခြင်းနှင့် လူစုရန်ခက်ခဲခြင်း၊စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ချိန်တွင် ရွာသားများ၏ စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်နှင့် တိုက်ဆိုင်နေသဖြင့် အခြားသူများဝင်ရောက် လုပ်ကိုင်ခြင်းကို ခွင့်မပြုပဲ ရွာသားများသာ လုပ်အားခရလိုမှုကြောင့် လုပ်ငန်းစတင်ရန် နှောင့်နှေး နေခြင်း၊ တစ်ချို့ကျေးရွာများတွင် ကျေးရွာတွင်း မညီညွတ်မှုကြောင့် အိမ်ထောင်စု၏ ၅၀ ရာခိုင်နှုန်းတက်ရောက်ရန် အကြိမ်ကြိမ်ကြိုးစားပေးနေသော်လည်း အဆင်မပြေဖြစ်နေ ပါသည်။ ဒုတိယအကြိမ်အစည်းအဝေးအတွက် (၇) ကြိမ်အထိ ကြိုးစားသော်လည်း ယခုအချိန် အထိ ဆောင်ရွက်၍ မရသေးပါ။

တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းစက်ဝန်းစတင် အကောင်အထည်ဖော်နေသော်လည်း MIS System မှာ အဆင်သင့်မဖြစ်သေးသောကြောင့် မြို့နယ်မှ ဒေတာများအား အချိန်နှင့် တပြေးညီ မဆောင်ရွက်နိုင်ဖြစ်နေပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်မှ တင်ပြထားသည်မှာ နောက်ဆုံးနှစ် ဖြစ်သည့်အတွက် ကျေးရွာအုပ်စုအတွင်း ရန်ပုံငွေခွဲဝေမှုတွင် အငြင်းပွားမှုများ ကြုံတွေ့ခဲ့ရပြီး မီးပေါက်(တ)ကျေးရွာ အုပ်စုတွင် လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်ကျေးလက်ဦးစီးနှင့် နည်းပညာအကြံပေး အဖွဲ့တို့မှ သွားရောက်ဆွေးနွေးခဲ့ရကြောင်းနှင့် ယခုနှစ်စီမံကိန်း လုပ်ငန်းများတွင် ကျေးရွာများမှ မီးလင်းရေးလုပ်ငန်းများစွာကို ရွေးချယ်ထားသည့်အတွက် အကောင်အထည်ဖော်ရာတွင် မြို့နယ် လျှပ်စစ်ဌာနရှိ လူအင်အားနည်းပါးခြင်းကြောင့် နှောင့်နှေးမှုများ ကြုံတွေ့နိုင်ကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်တွင် တတိယနှစ်စက်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာအုပ်စုအသစ်များ၊ ကျေးရွာအသစ်များ တိုးလာသဖြင့် အဆိုပါကျေးရွာအုပ်စုအသစ်များ၊ ကျေးရွာအသစ်များ တတိယနှစ်စီမံကိန်းစက်ဝန်းတွင် ပါဝင်နိုင်ရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်နောက်ကျခြင်းကြောင့် ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်း

အဝေးများ ပြုလုပ်ချိန် နောက်ကျခဲ့သည့်အတွက် အုပ်စုရန်ပုံငွေများ တောင်းခံရာတွင် အနည်းငယ် နောက်ကျခဲ့ရပါသည်။ အမည်မပေါက်သေးသည့် ကျေးရွာအသစ်များကြောင့် စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာ တွင်ခက်ခဲခြင်း၊ စီမံကိန်းရန်ပုံငွေများ ခွဲဝေရာတွင် ခက်ခဲခြင်း၊ ဝေဖန်အကြံပြု တိုင်ကြားစာများ အကြိမ်ကြိမ် ပေးပို့ကြခြင်း တို့ကြောင့် စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နှောင့်နှေး ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပါသည်။ ပေါက်မြို့နယ်ရှိ ရေနံနယ်မြေ အတွင်းရှိကျေးရွာများတွင် ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးများ ဆောင်ရွက်ရန်ခက်ခဲသဖြင့် စည်းရုံးရေးမှူးများနှင့် DRD/TTA ဝန်ထမ်းများပါ ပူးပေါင်းပါဝင်ပြီး (၅)ကြိမ်ခန့် သွားရောက်ဆောင်ရွက်ခဲ့ရပါသည်။ ၎င်းဧရိယာအတွင်းရှိ ကျေးရွာ ပြည်သူလူထုသည် ရေနံမြေဧရိယာတွင် လုပ်အားခ များစွာ ရရှိသောကြောင့် စီမံကိန်းအပေါ်တွင် စိတ်ဝင် စားမှုနည်းပါးပြီး အစည်းအဝေးများ၊ သင်တန်းများဆောင်ရွက်ရာတွင် သတ်မှတ်လူဦးရေ မပြည့်ခြင်း၊ မတက်ရောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိ သဖြင့် အဆိုပါကျေးရွာများတွင် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကြန့်ကြာနိုင်ပါသည်။

## ထီးလင်းမြို့နယ်

ထီးလင်းမြို့နယ်မှ တင်ပြထားသည်မှာ ထီးလင်းမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်ကုန်တွင် ရွှေအောင်သာကျေးရွာအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် စတင်အကြောင်းကြား သတ်မှတ်ခဲ့ပါသည်။ သို့သော် လည်း ကျေးရွာသူ/သားများ အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိစေလိုခြင်းမရှိဘဲ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၏ အုပ်ချုပ်မှုအောက်တွင်သာနေလိုပြီး ယနေ့ထိ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ပွဲ ပြုလုပ်ခွင့် မရရှိခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်သော်လည်း နာခံမှုမရှိဘဲ တူမီးသေနတ်ဖြင့်ချိန်ပြီး ဆဲဆိုသဖြင့် လက်ရှိအခြေအနေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ထားဆဲဖြစ်ပြီး စီမံကိန်း ဝင်ရောက်ရန် အခက်အခဲရှိသဖြင့် တတိယနှစ်စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိကြောင်း တင်ပြထားပါသည်။

## ကယားပြည်နယ်

ကျေးရွာအစည်းအဝေးခေါ်ယူရာတွင် အချို့ကျေးရွာများမှ လူဦးရေ(၅၀%) အစည်းအဝေးတက်ရောက်ရန်အတွက်ခက်ခဲခြင်း။ ကျေးရွာကော်မတီများမှ အပြောင်းအလဲများပြားခြင်း၊ သင်တန်းများခေါ် ဆိုရာတွင် သီးနှံရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်မှုများရှိသဖြင့် သင်တန်းတက်ရောက်မှုအားနည်းခြင်း၊ စီမံကိန်းလုပ်ငန်းခွဲအပေါ် စိတ်ဝင်စားမှုအားနည်း လာခြင်း။ အုပ်စုအစည်း အဝေးများတွင် မိမိတို့ရပ်ရွာလုပ်ငန်းဆောင်ရွက်မှုမရှိပါက ၎င်းအစည်းအဝေးသို့ တက်ရောက်ရန်အားနည်းခြင်း။

၂၀၁၈ခု၊ အောက်တိုဘာလ၌ အချို့ကျေးရွာများတွင် သီးနှံများစိုက်ပျိုးသည့် အချိန်နှင့် တိုက်ဆိုင်ပါသဖြင့် ကျေးရွာနှင့်ချိန်းဆိုထားသည့် သင်တန်းရက် မကြာခဏပြောင်းရခြင်း။ ဒီဇင်ဘာလ တတိယပတ်မှဇန်နဝါရီလ ဒုတိယပတ်အထိ ခရစ်မတ်ပွဲများနှင့်ပျော်ပွဲရွှင်ပွဲများ၊

ကယားဒေးပွဲများကြောင့် အစည်းအဝေးများ ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာမှုကို ဖြစ်ပေါ် စေပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်တွင်းရှိ တော်ခူ ၊ ဒိုးလာစော၊ သိုသီးဖို၊ ရောဒေါခေါ နှင့် ကေကောကျေးရွာ အုပ်စုများသည် KNPP မှကန့်သတ်ထားသဖြင့်လုပ်ငန်းများ မစတင်နိုင်သေးခြင်းနှင့် ခွင့်ပြုမိန့် ရရှိရန် ဆောင်ရွက်နေရခြင်း။ ဆက်သွယ်ရေးအနေဖြင့် ဖရူဆိုနှင့်ဖားဆောင်းမြို့နယ်များ၏ ၈၀% ခန့် ဖုန်းလိုင်းမမိခြင်း၊ လူထုစည်းရုံးရေးမှူးနှင့် နည်းပညာမှူးများ ခရီးထွက်လျှင် ဆက်သွယ်ရန် ခက်ခဲခြင်း။ သာစကား အခက်အခဲ (ကျေးရွာအုပ်စု တစ်ခုတည်းတွင် ဘာသာစကား ၂မျိုး၊ ၃မျိုး ပြောဆိုခြင်း၊ တစ်ရွာနှင့် တစ်ရွာ ဘာသာ စကားမတူခြင်း။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်အတွင်းရှိ မော်ချီးဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် ဖြစ်သော ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP)ထိန်းချုပ် ရာနယ်မြေရှိ ကွာခီး၊ ကရယ်ခီး၊ မိုဆာခီး၊ ကော်သူဒိုး၊ ဗဟန်းလော့ စသည့်ကျေးရွာအုပ်စု(၅)အုပ်စုများကို လက်ရှိအချိန်ထိ ဝင်ရောက်ခွင့် မပြုပါ။ စီမံကိန်းဝန်ထမ်းများဖြစ်သော လူထုစည်းရုံးရေးမှူးများနှင့် နည်းပညာ စည်းရုံးရေးမှူများသည် အပြောင်းအလဲရှိနေခြင်းကြောင့် လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အနည်းငယ်အခက်အခဲရှိခြင်းနှင့် နောက်ကျ ခြင်းများရှိပါသည်။ အထူးသဖြင့် နည်းပညာ စည်းရုံးရေးမှူးများသည် အသစ်များဖြစ်သောကြောင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် ဒီဇိုင်း ရေးဆွဲရာတွင် အချိန်ပိုမိုပေးရခြင်း စသောအခက်အခဲများရှိခြင်းအကြောင့် သတ်မှတ် ထားသောလုပ်ငန်းအစီအစဉ်အတိုင်း အနည်းငယ်နောက်ကျမှု ရှိပါသည်။

**မတူပီမြို့နယ်**

စီမံကိန်းလုပ်ငန်းအကောင်အထည်ဖေါ်ရာတွင် ကျေးရွာတွင်း လူမျိုးနွယ်စု ပြဿနာများ ကြောင့် အပြန်အလှန်ကန့်ကွက်မှု၊ မမှန်မကန်တိုင်ကြားမှုများရှိနေခြင်း၊ ကျေးရွာများ နေရာ ပြောင်းရွှေ့ခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲ ဆောင်ရွက်၍မရခြင်း (ဝလံပီ(ခ) ကျေးရွာသည် မူလ နေရာမှ ကားလမ်းမပေါ်သို့ တစ်ရွာလုံးပြောင်းရွှေ့ နေထိုင်ခြင်းအား ပြည်နယ်အစိုးရ၏ ခွင့်ပြု ချက်မရသေး ခြင်း)၊ ကျေးရွာများတွင် စီမံကိန်း ကော်မတီဝင်များ စီမံကိန်း လုပ်ငန်းအပေါ် စိတ်ဝင်စားမှု လျော့ကျ လာခြင်း (မိသားစုအိမ်တွင်းရေး ဝမ်းစာ အတွက် အချိန် ထိခိုက်သည်ဟု ပြောဆိုကြခြင်း)၊ ကျေးရွာ လူထုများသည် ပြင်ပ အကူအညီများ (ဘာသာရေး အကူအညီ၊ NGO,INGO အကူအညီ၊ နိုင်ငံရပ် ခြားမိသားစု ဆွေမျိုး များထံမှ အကူအညီများ)ပေါ်တွင် မှီခို လွန်းခြင်းကြောင့် ဆောင်ရွက်ပြီး လုပ်ငန်းများ ပြုပြင်ထိန်းသိမ်းမှုအပိုင်းတွင် အားနည်းခြင်းများ ကြုံတွေ့ရပါသည်။

စီမံကိန်းလုပ်ငန်းပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် အနီးကပ်လမ်းညွှန်မှုများ ပြုလုပ် နိုင်ရန် အတွက် ခန့်အပ်ထားသော စီမံကိန်းရုံးခွဲတာဝန်ခံနှင့်၊ စီမံကိန်းရုံးခွဲ ငှားရမ်းဖွင့် လှစ်ထားမှုမှာ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် စာချုပ်ကုန်ဆုံးပြီဖြစ်ပါသည်။ ကျေးရွာအုပ်စု (၂၅)အုပ်စု ကျေးရွာ ပေါင်း (၅၆) တွင်တာဝန်ကျဝန်ထမ်းများ(၂၄ဦး) တို့သည် ရုံးခွဲမှ တဆင့် သွားရောက်ရသော ကျေးရွာနှင့် ဝန်ထမ်းများဖြစ်ကြပါသည်။ အကယ်၍ စီမံကိန်း ရုံးခွဲဆက်လက်မထားရှိတော့ပါက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် (ကွင်းဆင်း သွားလာမှုအား) များစွာ အခက်အခဲဖြစ်စေ ပါမည်။

မတူပီမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လူမျိုးနွယ်စု ဘာသာစကားများစွာ ကွဲပြား နေခြင်း ကြောင့်စီမံကိန်းလုပ်ငန်းအကြောင်းများ၊ သင်တန်းများ၊ အစည်းဝေးများတွင် ဘာသာ ပြန်မှတဆင့် ဆောင်ရွက်ရသည့်အတွက် စီမံကိန်းအကြောင်း နားလည်သဘော ပေါက်မှု အားနည်းနေပါသေးသည်။ ဝန်ထမ်းနေအိမ် (Staff House) ငှားရမ်းထားရှိမှုသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင်စာ ချုပ်သက်တမ်းကုန်ဆုံးပြီးဖြစ်သောကြောင့် ဆက်လက်ငှားရမ်းခွင့် ခွင့်ပြု ချက် လိုအပ်ပါသည်။ မြို့နယ်အဆင့်ဝေဖန်အကြံပြုစာများတွင် မဟုတ်မမှန် လုပ်ကြံ တိုင်ကြား စာများ ရှိလာခြင်းကြောင့် လုပ်ငန်းအကောင်အထည်ဖေါ်မှုနှောင့်နှေးစေပါသည်။

## တွန်းဇံမြို့နယ်

တချို့ကျေးရွာ အနေဖြင့် လူထု လုပ်ငန်းခွင်အချိန်နှင့် တိုက်ဆိုင်နေခြင်း၊ JCB စက်ငှားရမ်းရန် ခက်ခဲခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ ပြန်လည်ရွေးချယ်၍ ဒုတိယဦးစားပေးလုပ်ငန်း ပြန်လည်ဆောင် ရွက်ရခြင်း၊ တစ်ချို့ကျေးရွာများမှာ စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည် ဖော်ရာတွင် အားလုံးမပါ ဝင်နိုင်သောကြောင့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း နှောက်နှေးမှုများရှိသည်။ တွန်းဇံမြို့နယ် အနေဖြင့် ဒေသ ရိုးရာပွဲတော်များနှင့် တိုက်ဆိုက်နေသဖြင့် အချိန်မီ လုပ်ငန်း ဆောင်ရွက်ပြီးစီနိုင်ရန် ခက်ခဲမှုများရှိခဲ့ပါသည်။

## နမ့်ဆန်မြို့နယ်နှင့်မောက်မယ်မြို့နယ်

နမ့်ဆန်မြို့နယ်နှင့်မောက်မယ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ထောက်ပံ့ပေးသော အသုံးအဆောင်ပစ္စည်းများ အခက်အခဲများအနေဖြင့် နယ်မြေအေးချမ်းမှုမရှိသဖြင့် ကျေးရွာတွင် အစည်းအဝေးပြုလုပ်ရန်ခက်ခဲခြင်း၊ အစည်းအဝေးတက်ရောက်သူမပြည့်မီသဖြင့်လူထုစစ်ဆေး ပွဲ ပြုလုပ်နိုင်ရန်ခက်ခဲခြင်း၊ ဒေသစီးပွားရေးအဆင်မပြေမှုကြောင့် ဒေသခံလုပ်သားများပြည်ပ သို့သွားရောက်၍ အလုပ်လုပ်သူများပြားနေသဖြင့် လုပ်ငန်းခွဲများအကောင်အထည်ဖော် ဆောင် ရွက်နိုင်ရန် ကျွမ်းကျင်လုပ်သားရှားပါးသည့်အခက်အခဲများကြုံတွေ့ရပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် စီမံကိန်းလုပ်ငန်းခွဲများကို စီမံကိန်းစက်ဝန်းကာလ တစ်ခုအတွင်းလုပ်ငန်းခွဲပေါင်း(၁၆၁)ခုကို တစ်ပြိုင်နက်လူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ရာတွင်ကျွမ်းကျင်သော လက်သမား၊ပန်းရံလုံလောက်စွာရရှိရန်အခက်အခဲရှိပါသည်။ ကျေးရွာအတွင်းရှိ အချို့သောပန်းရံ၊လက်သမားများသည် အတွေ့အကြုံနည်းပါးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ၏ဒီဇိုင်းနှင့်စံချိန်စံညွှန်းအတိုင်း ပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှု လိုအပ်ချက်များရှိခြင်း၊ အကာအကွယ်ပစ္စည်းများအသုံးပြုရာတွက် လုပ်ငန်းခွင်အချိန်ပြည့် လိုက်နာအသုံးပြုမှုအားနည်းချက်ရှိခြင်း၊ နည်းပညာပိုင်းဆိုင်ရာနားလည်သဘောပေါက်လိုက်နာဆောင်ရွက်လာရန် ပိုမိုစည်းရုံးရခြင်းအခက်အခဲများရှိပါသည်။ကျေးရွာလမ်းပြုပြင်ခြင်း(ကျောက်ချောလမ်းခင်းခြင်းနှင့် သဲဖြူန်းလမ်းခင်းခြင်း)လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း လမ်းကြိတ်စက်ငှားရမ်းရာတွင် ယန္တရားနည်းပါးသည့်အခက်အခဲကြောင့် အကောင်အထည်ဖော်ရေးအစီအစဉ်ပြန်လည်ပြုပြင်ရေးဆွဲဆောင်ရွက်ရသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ် လက်ရှိအခြေအနေတွင် ကျေးရွာလူထုများယာယီရွှေ့ပြောင်းသွားလာမှုများရှိနေခြင်းကြောင့် စီမံကိန်းစက်ဝန်းစီမံခန့်ခွဲမှုသင်တန်းပေးရာတွင် ကော်မတီဝင်များအားလုံး စုံညီစွာတက်ရောက်နိုင်မှုအားနည်းနေသည့် အခက်အခဲရှိပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်သည့်အချိန်သည် မိုးရာသီဖြစ်သောကြောင့် လမ်း၊တံတားစသည့် လုပ်ငန်းခွဲများလုပ်ဆောင်နိုင်ရန် ခက်ခဲပါသည်။လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လုပ်ငန်းခွဲများအကောင်အထည်ဖော်ရန် နှောင့်နှေးနိုင်ပါသည်။

**ပူတာအိုမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်သည့်အချိန်သည် မိုးရာသီ ဖြစ်သောကြောင့် လမ်း၊တံတားစသည့်လုပ်ငန်းခွဲများ လုပ်ဆောင်နိုင်ရန် ခက်ခဲပါသည်။ မိုးများသော ဒေသဖြစ်သောကြောင့် အကောင်အထည်ဖော်သော လုပ်ငန်းခွဲများ နှောင့်နှေးမည့် အခက်အခဲများလည်း ရှိပါသည်။

**ရွှေကူမြို့နယ်**

ယခင်သုံးလပတ်သည် စီမံကိန်းစတင်ဆောင်ရွက်သော ကာလဖြစ်သောကြောင့် ၇.၁၂.၂၀၁၈ရက်နေ့ထိ စီမံကိန်း လုပ်ငန်းခွဲဆောင်ရွက်ရန် မိုးရာသီကာလဖြစ်သောကြောင့် ကျေးရွာများသို့ ဆိုင်ကယ်ဖြင့် သွားလာရာတွင် အချိန်နှောင့်နှေးကြန့်ကြာခြင်းများနှင့် ကျေးရွာလူထု စိုက်ပျိုးရေးအချိန်အခါဖြစ်သောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန် လုံလောက်စွာ အချိန်မပေးနိုင်ခြင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာ အချိန်နှောင့်နှေးမှုများ ရှိခဲ့ပါသည်။

**တနသ်ာရီမြို့နယ်**

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချိန်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် စီမံကိန်းလုပ်ငန်းအချို့သည် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ထို့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော သဘော်ဦးအုပ်စုတွင် စီမံကိန်းပစ္စည်းများ သယ်ယူရာတွင် အခက်အခဲများစွာ ရှိပါသည်။ ထို့အပြင် လုပ်သားရှားပါးမှုပြဿနာများကိုလည်း ရင်ဆိုင်ရပါသည်။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ Head Officer (2) လစ်လပ်လျက်ရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

လက်ထောက်နည်းပညာမှူး(၁)ဦး လစ်လပ်နေသောကြောင့် ခန့်အပ်ရေးများကို နေပြည်တော် (ရုံးချုပ်)သို့ တင်ပြထားပြီးဖြစ်ပါသည်။

**ပန်းတောင်းမြို့နယ်**

Monthly Work Plan, Weekly Work Plan များ ရေးဆွဲထားပါသော်လည်း Plan အတိုင်းဆောင် ရွက်နိုင်မှုအားနည်းပါသည်။

**တပ်ကုန်းမြို့နယ်**

တပ်ကုန်းမြို့နယ် သည်လူထုဗဟိုပြု စီမံကိန်း (စတုတ္ထနှစ်) နောက်ဆုံးနှစ် ဖြစ်သည့်အတွက် စီမံကိန်းဝန်ထမ်းများ(TTA,CF,TF)တို့မှာ အလုပ်မှနုတ်ထွက်ကြပြီး အခြား လုပ်ငန်းများသို့ ပြောင်းရွှေ့သွားကြသည့်အတွက် ကျန်ရှိနေသည့်ဝန်ထမ်းများဖြင့် ဆက်လက် ဆောင်ရွက် နေပါသည်။

**ပျဉ်းမနားမြို့နယ်**

ပျဉ်းမနားမြို့နယ်တွင် ယခုအစီရင်ခံသည့် သုံးလပတ်အတွင်း ဒီဇင်ဘာလတွင်TF(၃)ဦးနှင့် CF(၁)ဦးနုတ်ထွက်ခဲ့ရာအချိန်မှီအစားထိုးခန့်ထားနိုင်ရေးအတွက်အထက်မှညွှန်ကြားချက်နှင့်အညီဆောင်ရွက်ထားဆဲဖြစ်ပြီးယခုဇန်နဝါရီလတတိယအပတ်တွင်အားလုံးအစားထိုးခန့်ထားပြီးစီးမည်ဖြစ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

နုတ်ထွက်သွားသော လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်း ပညာမှူးများ လစ်လပ်နေရာများတွင် အချိန်မီခန့်ထားနိုင်ခြင်းမရှိသဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှေးကွေးမှုရှိပါသည်။ ယခု အချိန်ခါသည် စတုတ္ထနှစ် စီမံကိန်းစက်ဝန်း စတင်နေပြီဖြစ်သောကြောင့် အလွန်အခက်အခဲရှိပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

DRD ဝန်ထမ်း(၈)ဦးတွင် (၆)ဦးသည် CDD လုပ်ငန်းတာဝန်များ ၊ ဌာနလုပ်ငန်းများ ပေါ်တွင် ရာနှုန်းပြည့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမရှိခြင်း၊ လုပ်ငန်းများပေါ်တွင် ဝန်ထုတ်ဝန်ပိုးများဖြစ်နေခြင်းတို့ကြောင့် DRD တွဲဖက်ဝန်ထမ်းများ ဒုဦးစီး(၁)ဦး၊ အငယ်တန်းစာရေး(၁)ဦး ပေါင်း(၂)ဦး ထပ်မံခန့်အပ်ပေးရန်လိုအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

Senior CF တစ်ဦးသည် လက်စွဲပါလမ်းညွှန်ချက်အတိုင်း လိုက်နာမှု မရှိသဖြင့် ကျေးရွာသူ/သားများ၏ ဝေဖန်အကြံပြုတိုင်ကြားချက်ကို မကြာခဏ ဖြေရှင်းနေရသည်။

**ရမည်းသင်းမြို့နယ်**

CFs,TFs များအားလုံးကို (၇.၁၂.၂၀၁၈) ရက်နေ့တွင် DRD သို့လွှဲပြောင်းပေးခဲ့ပါသည်။ TTA Procurement Officer ကို တိုးချဲ့ ၂၅ . ၂ . ၂၀၁၉ ရက်ထိ ထားရှိမည်ဖြစ်ပါသည်။ Procurement Officer အား စီမံကိန်းကာလအတွင်း ထားပေးလျှင် ပိုပြီးအဆင်ပြေပါသည်။

**ပျော်ဘွယ်မြို့နယ်**

လက်ထောက်နည်းပညာမှူး(၂)ဦး၊ လူထုစည်းရုံးရေးမှူး(၂)ဦးနုတ်ထွက်သွားပါသဖြင့် လစ်လပ်သွားသော စည်းရုံးရေးမှူးများနေရာတွင် ပြန်လည်ခန့်အပ်ထားရန်အလုပ် လျှောက်လွှာများစတင်ခေါ်ယူခဲ့ပြီး (၁၅.၁.၂၀၁၈)ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းခဲ့ရာ လက်ထောက်နည်းပညာမှူးနေရာအတွက် လျှောက်ထားသူ(၂၁)ဦး၊ လူထုစည်းရုံးရေးမှူး နေရာအတွက် လျှောက်ထားသူ(၄၆)ဦး လျှောက်ထားခဲ့ပါကြောင်းနှင့် မြို့နယ်စီမံကိန်းရုံး ဝန်ထမ်းရွေးချယ်

ခန့်ထားရေးအဖွဲ့မှ ဝန်ထမ်းရွေးချယ်ရေးအတွက် ဆက်လက်၍ အစည်းအဝေး ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပလက်ဝမြို့နယ်**

ယခုသုံးလပတ်အတွင်း TF ဝန်ထမ်း(၁) ၊ CF ဝန် ထမ်း(၁)ဦးမှာ အလုပ်မှ နှုတ်ထွက်ခဲ့ပါသည်။ တတိယနှစ်စက်ဝန်းအတွင်း TF(၃)ဦးနှင့် CF (၆)ဦး စုစုပေါင်း (၉)ဦး လစ်လပ်လျှက်ရှိနေပါသည်။ စတုတ္ထနှစ်စက်ဝန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော CF/TF များကို ပြန်လည်အစားထိုးခန့်အပ်နိုင်စေရန် ဆက်လက်တောင်းခံသွားရန် စီစဉ်နေပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

(TF)တစ်ဦး နှုတ်ထွက်စာတင်ထားပြီး တစ်ဦး လစ်လပ်လျှက်ရှိပါသည်။

**ဂွမြို့နယ်**

ရုံးသန့်ရှင်းရေးဝန်ထမ်းတစ်ဦး အမြန်လိုအပ်နေပါသည်။

**ကြံခင်းမြို့နယ်**

ကြံခင်းမြို့နယ်အနေဖြင့် နောက်ဆုံးနှစ်ဖြစ်သောကြောင့် ဝန်ထမ်း အပြောင်းအလဲများခြင်းကြောင့် ဝန်ထမ်းခန့်အပ်ရန် အခက်အခဲများ ရှိပါသည်။ အထူးသဖြင့် အင်ဂျင်နီယာများ ခေါ်ရာတွင် လုပ်ငန်းနှင့် ကိုက်ညီသည့် ဝန်ထမ်းရရှိရန်ခက်ခဲခြင်း။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် TF(၃)ဦးနှင့် CF(၂)ဦးနှုတ်ထွက်သဖြင့် TF,CF လစ်လပ်သော ကျေးရွာများ စတုတ္ထနှစ်စီမံကိန်း စက်ဝန်းအကောင်အထည်ဖော် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ချိန် နောက်ကျခဲ့ကြပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် DRD KE Infrastructure တစ်ဦး လိုအပ်ပါသည် (သို့) ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့သို့ KE-Infrastructure တစ်ဦး ခန့်ထားပြုပါရန်။

## ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် DRD တွဲဖက်ဝန်ထမ်းများသည်ဌာနမှ လုပ်ငန်း များကြောင့် CDD လုပ်ငန်းများကို အချိန်ပေးနိုင်မှု နည်းပါသည်။

## ထန်းတပင်

လက်ထောက်နည်းပညာမှူး (၁၄)ဦး နှုတ်ထွက်သွားခဲ့ပြီးဖြစ်ပါသည်။ ယခုအစီရင်ခံချိန် အထိ စုစုပေါင်း လက်ထောက်နည်းပညာမှူး(၁၄)ဦးအတွက်လစ်လပ်လျှက်ရှိပါသည်။ လူထု စည်းရုံးမှူး (၃၀)ဦးရှိသည့်အနက် ယခုအစီရင်ခံသော ကာလအတွင်း ဝန်ထမ်း(၂၂)ဦး စာချုပ် သက်တမ်းကုန်ဆုံးပြီး နှုတ်ထွက်သွားခဲ့သောကြောင့် စုစုပေါင်း လစ်လပ်နေရာ(၃၀) ဖြစ်ပါ သည်။ နေပြည်တော်၏ ညွှန်ကြားချက်အရ လက်ထောက်နည်းပညာမှူး (၄)ဦးနှင့် လူထုစည်း ရုံးမှူး(၁၅)ဦးအား လုပ်ငန်း လည်ပတ်ပြုပြင်ထိန်းသိမ်ခြင်းအား ပြီးစီးသည်အထိ ဆောင်ရွက် ရန်အတွက် တစ်လ(၂၀၁၉ခုနှစ်၊ ဇန်နဝါရီလကုန်အထိ) ပြန်လည်ခန့်ထားပေးရန် ရုံးချုပ် စီမံ ကိန်းမန်နေဂျာနှင့် ဝယ်ယူရေးအဖွဲ့သို့ သီးခြား အထူးအစီအစဉ်ဖြင့် အကြောင်းကြား တောင်းခံ ခဲ့ပြီးဖြစ်ပါသည်။

## ကော့မှူး

DRD မှ Infrastructure Engineer နှင့် Procurement Counterpart ရာထူးအတွက် ဝန်ထမ်းများ လစ်လပ်လျှက် ရှိနေဆဲဖြစ်ပါသည်။

## ကွမ်းခြံကုန်း

ကွမ်းခြံကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းတွင် TF ဦစိုးသာ နှုတ်ထွက်သွားပြီး TF ဦးချစ်ကိုကိုဝင်းအား အစားထိုးခန့်အပ်ထားပါသည်။

## ကယားပြည်နယ်

တတိယနှစ်စက်ဝန်းစတင်ချိန်တွင် **CF/TF** အပြောင်းအလဲများသည်။ တတိယနှစ် စက်ဝန်းအစတွင် TTA Procurement Officer သည် စာချုပ်သက်တမ်း ကုန်ဆုံးသွားခြင်း ကြောင့် DRD procurement counterpart အား CDD Project တွင် အချိန်ပြည့် ဂန်ထမ်း အဖြစ် သီးသန့်တာဂန် ထမ်းဆောင်ရန် တာဂန်ပေထားသော်လည်း CDD Projectတွင် တာဂန်ယူ ဆောင်ရွက်မှု မရှိသလောက်ဖြစ်သည်။

## ဒီးမော့ဆိုမြို့နယ်

ထူးခြားချက်အနေဖြင့် ၂၀၁၅-၂၀၁၆ မှစ၍ ဒီးမော့ဆိုမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းတွင် တာဂန်ထမ်းဆောင်သော ( TTA/ finance Officer) U Thet Naing Aye သည် ဝန်ထမ်းတစ်ဦး

လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းချိုးဖောက်ခြင်းဖြစ်ပေါ်ခဲ့သည်။ MGRI မှ ဦးသက်နိုင်အေး အား၂၀၁၈ ခု၊ ဒီဇင်ဘာ ၁၉ ရက်နေ့မှစ၍ လုပ်ငန်း တာဝန်မှရပ်ဆိုင်းလိုက်ပြီး အစားထိုး ခန့်ထားမည့် ဝန်ထမ်းတစ်ဦးကိုလည်း ပြည်ထောင်စုအဆင့်သို့ ခန့်ထားခွင့် တင်ပြနေပြီး ဖြစ်သည်။

**ဒီမောဆို၊ ဖရူဆိုမြို့နယ်**

ဒီမောဆို၊ဖရူဆိုမြို့နယ်များတွင် TTA Procurement Officer မရှိသဖြင့် ဝယ်ယူရေး သင်တန်းကို လွိုင်ကော်မြို့နယ်မှ လာရောက်သင်တန်းပေးနေရခြင်း။ ဝန်ထမ်းအသစ်များ ပြန်လည်ခေါ်ယူရခြင်း၊ ဒေသခံဖြစ်သော ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်မှ ဝန်ထမ်းများ နည်းပါးခြင်း၊ အချို့သော ကျေးလက်တွဲဖက်ဝန်ထမ်းများအနေဖြင့် အခြားမြို့နယ်မှ လာရောက် တာဝန်ထမ်းဆောင်သူများဖြစ်သဖြင့် ပြောင်းရွှေ့လိုသည်ကို တွေ့ရှိရခြင်း၊ စီမံကိန်းလုပ်ငန်း အပေါ်စိတ်ဝင်စားမှု၊ အချိန်ပေးမှုအားနည်းသည်ကို တွေ့ရှိရခြင်း၊ စည်းရုံးတွဲခေါ် ဆောင်ရွက် နေဆဲဖြစ်ပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ် Infraသည် EP ဖြစ်သဖြင့်၊ အသစ်ဝင်ရောက်လာသည့် နည်းပညာ စည်းရုံးရေးမှူးများမှာ စိတ်ဝင်စားမှု၊ လုပ်ငန်းကျွမ်းကျင်မှု အားနည်းနေသေးခြင်းအပေါ် ကြီးကြပ်ပေးနိုင်မှု အားနည်းခြင်း။

**မတူပီမြို့နယ်**

ဝယ်ယူရေးအရာရှိ(TTA) ရာထူးနေရာမရှိတော့သဖြင့် DRD Procurement Counterpart မှာ CDD လုပ်ငန်းတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရန် အခက်အခဲ ရှိပါ သည်။

လက်ထောက်နည်းပညာမှူး(၂)ဦးနှင့် လူထုစည်းရုံးရေးမှူး(၁)ဦးတို့မှာ ၄င်းတို့၏ သဘော ထားဆန္ဒအလျှောက် လုပ်ငန်းစာချုပ် ဆက်လက်မချုပ်ဆိုလိုတော့သဖြင့် ဝန်ထမ်း (၃)ဦး လစ်လပ် လျှက်ရှိပါသည်။ အစားထိုးခန့်ထားနိုင်ရန်အတွက် ခွင့်ပြုချက် လိုအပ်ပါသည်။

**ပူတာအိုမြို့နယ်**

စီမံကိန်းအတွေ့အကြုံရှိသူ လူထုစည်းရုံးရေးမှူး(၁)ဦးနှင့် လက်ထောက်နည်းပညာမှူး(၁) စုစုပေါင်း (၂)ဦး ခန့်အပ်ရန် ကျန်ရှိနေသေးသည်။ နုတ်ထွက်သွားသော လက်ထောက် နည်းပညာမှူး(၁)ဦး နေရာတွင်လည်း အစားထိုးခန့်အပ်သွားမည် ဖြစ်သည်။

**ရွှေကူမြို့နယ်**

ယခုသုံးလပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလ)တွင် နည်းပညာအကြံပေးအဖွဲ့ ကျား/မ ရေးရာ တာဝန်ခံအစားထိုးခန့်ထားနိုင်ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် အခက်အခဲ ဖြစ်ခဲ့ ပါသည်။

**တနသ်ာရီမြို့နယ်**

တနသ်ာရီမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြု စီမံကိန်းတွင် ဝန်ထမ်းအပြောင်းအရွှေ့များခြင်းကြောင့် စီမံကိန်းအကြောင်းအရာများကို ထပ်ဖန်တလဲလဲ ပြန်လည်သင်ကြားပေးနေရပါသည်။ ထိုနောက် ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်း အချို့သည် အပြောင်းအရွှေ့ရှိပါသဖြင့် အသစ်ဝင်လာသော ဝန်ထမ်းတွင် နည်းပညာအကြံပေး တွဲဖက်မရှိသောကြောင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲ များ ရှိနေပါသည်။ ထို့အပြင် တိုင်းနည်းပညာအကြံပေး Infra Officerသည် မီးဖွားခွင့် ယူထားသဖြင့် သူ၏နေရာတွင် အစားထိုးမည့် ဝန်ထမ်း လိုအပ်နေပါသည်။ ထိုဝန်ထမ်း သည်လည်း တနသ်ာရီမြို့နယ်ရှိ လက်ထောက်နည်းပညာမှူးများအား အနီးကပ် ကြီးကြပ်ပေးရန် လိုအပ်နေပါသည်။

(ဃ) **နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု(၃၄)အုပ်စု၊ ကျေးရွာ(၁၃၇)ရွာရှိသည့်အနက် ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာ(၁၂၀)ရွာတွင်သာ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ခွင့် ရရှိခြင်းဖြစ်ပြီး ကျန်ကျေးရွာအုပ်စု(၉)အုပ်စုရှိ ကျေးရွာ(၁၇)ရွာမှာ မြေယာကိစ္စများ၌ သက်ဆိုင် ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်များမရခြင်းများကြောင့် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင် ရန်ကျန်ရှိနေရခြင်းဖြစ်ပါသည်။

**ရွှေကျင်မြို့နယ်**

နယ်မြေအခက်အခဲနှင့်ပတ်သ်၍ ဒေသတွင်း ကျေးရွာအချို့သည် အထွေထွေ အုပ်ချုပ်ရေး ဌာနတွင် အမည်ပေါက်မှုမရှိခြင်း၊ ကျေးရွာအချို့သည် ဒေသတွင်း တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများမှ ဝင်ထွက်သွားမှုရှိခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကို သိရှိလိုကြောင်း ကျေးရွာများမှ တစ်ဆင့်သိရှိရပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

KNU အုပ်ချုပ်မှုလက်အောက်ရှိခွာပောအုပ်စု ၁ ခု နှင့်NMSP အုပ်ချုပ်မှု အောက်ရှိ အချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်နိုင်ရေး အတွက် မြို့နယ်နှင့်ပြည်နယ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် သွားရောက် ဆွေးနွေးခဲ့သော်လည်း ခွင့်ပြုချက် ရရှိခြင်း

မရှိသေးသောကြောင့် အဆိုပါ ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကမေ့၊ ဆိပ်ကလေးနှင့် ဝင်းရော်ဆိပ်ကြီး ကျေးရွာအုပ်စုများတွင် စီမံကိန်း ဒုတိယနှစ်စက်ဝန်းအဖြစ် စီမံကိန်းလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက် ရှိပြီး စောလျင်စွာ ပြီးစီး၍ တတိယနှစ်စက်ဝန်း စတင်နိုင်ရန် သီးခြားဆောင်ရွက် သွားပါမည်။ ကျန်အုပ်စုများ အားလုံး အဆင်ပြေပါသည်။

## လှိုင်းဘွဲမြို့နယ်

ရှမ်းရွာသစ်မြို့ရှိ ကျေးရွာအုပ်စု(၉)အုပ်စုတွင် (၃)အုပ်စုဖြစ်သော ရင်းပိုင်း၊ ရေတံ ခွန်နှင့် မဲလရေအုပ်စုများတွင် KNU အဖွဲ့မှ ကန့်သတ်ဇရိယာ အဖြစ်သတ်မှတ် ထားပါသောကြောင့် ကွင်းဆင်းဆောင်ရွက်ရန် မစတင်နိုင်သေးပါ။

## ပျော်ဘွယ်မြို့နယ်

ပျော်ဘွယ်မြို့နယ်ရှိ အချို့ကျေးရွာများသည် လူသွားလူလာပြတ်ပြီး ရွာစဉ်ဝေးသောကျေး ရွာများသို့ သွားရောက်ရာတွင် အမျိုးသမီးတစ်ဦးတည်းအတွက် အန္တရာယ်ရှိနိုင်ပါသည်။ ထို့ကြောင့် တာဝန်ကျ ဝန်ထမ်းအချင်းချင်း အတူပူးတွဲဆောင်ရွက်ရန် မှာကြား ထားပါသည်။ ဒီဇင်ဘာလအတွင်း ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏ ဖြစ်ပေါ်နေ၍ ဝန်ထမ်းများအား စီမံကိန်းဆိုင်ကယ်များ ဂရုစိုက်ကြရန် အစည်းအဝေးတိုင်းတွင် မှာကြားထားပါသည်။

## ပလက်ဝမြို့နယ်

အထက်ကုလားတန်ဒေသတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်ကာ စစ်ပွဲများထပ်မံဖြစ် ပွားလာမှုရှိနေသောကြောင့် နယ်မြေအေးချမ်းတည်ငြိမ်မှုနည်းပါးကာ စတုတ္ထနှစ်စက်ဝန်းစတင် ရန်အတွက် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့်PRA ပြုလုပ်ရန် အုန်းသီးဝအုပ်စု၊ ရွှေလိုင်ပွိ အုပ်စု၊ ပကာဝအုပ်စု၊ ဒူရီတောင်အုပ်စု၊ မြိတ်ဝအုပ်စု၊ မော်တလာအုပ်စုနှင့် သာယာကုန်းစသော အုပ်စု(၇)စုရှိကျေးရွာ(၁၉)ရွာသို့ မသွားရောက်နိုင်ခဲ့ပါ။

## ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ် မြောက်ပိုင်း ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော်မြို့နယ် များနှင့် ထိစပ်သော ဒေသတွင် တိုက်ပွဲဖြစ်ပွားနေမှုများရှိနေသဖြင့်၎င်းဒေသမှ ကျေးရွာအုပ်စု (၆)ခု၊ ကျေးရွာ (၃၂)ရွာ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရန်ခေတ္တရပ်နားထားရပါသည်။

## ငပုတောမြို့နယ်

ငပုတောမြို့နယ်အနေဖြင့် အချို့ကျေးရွာများတွင် အမျိုးသမီး ဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်ရာ၌ ညအိပ်နေထိုင်ရန် အတွက် လုံခြုံမှုအားနည်းခြင်း။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကောလင်းနှင့် ပင်လည်ဘူးမြို့နယ် ထိစပ်ရာ နယ်မြေကျေးရွာ ဧရိယာများတွင် ဝန်ထမ်းတစ်ဦး(သို့) နှစ်ဦးထဲ ခရီးသွားလာရန် မသင့် တော်ကြောင်း တွေ့ရှိရပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်တွင် စီမံကိန်းဝန်ထမ်းများ လုံလောက်မှုရှိသော်လည်း DRD ဝန်ထမ်းများ လုံလောက်မှုမရှိခြင်းကြောင့် စီမံကိန်း လုပ်ငန်းများနှင့် DRD လုပ်ငန်းများအား ပူးတွဲ ဆောင်ရွက်ရသဖြင့် ဝန်ထုပ်ဝန်ပိုးများဖြစ်နေခြင်းတို့ကြုံတွေ့ရကြောင်းတင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်တွင် တတိယနှစ်စက်ဝန်းတွင် အမည်မပေါက်သေးသော ကျေးရွာ အသစ် များ စီမံကိန်းတွင်ပါဝင်လာ သဖြင့် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက် နည်းပညာမှူးများမှ တာဝန်ယူရသော ကျေးရွာအရေအတွက်နှင့် စီမံကိန်း လုပ်ငန်းခွဲ အရေအတွက် များပြားခြင်း တို့ကြောင့် လူထုစည်းရုံးရေးမှူး (၆)ဦးနှင့် လက်ထောက်နည်းပညာမှူး (၄)ဦးထပ်မံ ခွင့်ပြု ခန့်ထားပေးစေလိုကြောင်း တင်ပြထားပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ်တွင် လက်ထောက်နည်းပညာမှူး(၂)ယောက် လစ်လပ်လျက်ရှိပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ်တွင် လက်ထောက်နည်းပညာမှူး(၂)ယောက်နှင့် လူထုစည်းရုံးရေးမှူး(၁) ယောက်တို့ လစ်လပ်လျက် ရှိပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်တွင် ကျေးရွာအုပ်စု(၁၄)အုပ်စုရှိသည့်အနက် (၉)အုပ်စုသာ လုပ်ငန်းဆောင် ရွက်နိုင်ပြီး ကျန်(၅)အုပ်စုတွင် KNPPမှဝင်ခွင့်မပြုသဖြင့် ဆောင် ရွက်ခွင့်မရခြင်း။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်တွင် ကျေးရွာအုပ်စု(၈)အုပ်စုရှိသည့်အနက် (၃)အုပ်စုသာ လုပ်ငန်း ဆောင်ရွက်နိုင်ပြီး ကျန်(၅)အုပ်စုတွင်KNPPမှ ဝင်ခွင့်မပြု သဖြင့်ဆောင်ရွက်ခွင့်မရခြင်း။

**တွန်းဖံမြို့နယ်**

ဂန်ထမ်းများ ကွင်းဆင်းရာတွင် ဆောင်းတွင်းကာလဖြစ်သည့်အတွက် မြူများဖုံးလွှမ်းခြင်း၊ ရေခဲအရည်ပျော်၍ လမ်းချော်ခြင်း၊ မြေပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေး ခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်သည် နယ်မြေမတည်ငြိမ်မှုကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေးဆွဲထားသည့်Work Planအတိုင်းအချိန်မီမဆောင်ရွက်နိုင်ခြင်း၊ နယ်မြေတည်ငြိမ်မှုပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်နေရခြင်းစသည့် အခက်အခဲများရင်ဆိုင်နေရပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင်မိုးရာသီကာလ၌ ဝေးလံသောကျေးရွာများသို့ သွားလာရေးခက်ခဲသောကြောင့် အစည်းအဝေးကျင်းပရာတွင် အချိန်ယူရပါသည်။ တုံကွာအုပ်စုသည် လုံခြုံရေးဆိုင်ရာ ခက်ခဲသော အုပ်စုဖြစ်ရာ ဌာနဆိုင်ရာများ၊ အာဏာပိုင်များနှင့်ချိတ်ဆက်၍ ပထမနှင့်ဒုတိယ အကြိမ် ကျေးရွာအစည်းအဝေးအား ပြုလုပ်နိုင်ရန်စီစဉ်ဆောင်ရွက်ထားပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်တွင်လုံခြုံရေးအခက်အခဲရှိသော ကျေးရွာ ၄ ရွာ (လဘန်က ထောင်၊ နန့်ဟိုင်၊ စေတုံ၊ ဆောင်းခါ) အပြင် မိုးကောင်းတနိုင်း ကားလမ်းနှင့်နီးသော ကျေးရွာများ (ဆီးဒင်ယံ၊ ကချင်နမ်နွမ်၊ မရမ်ကထောင်) စသည် ကျေးရွာများတွင်လည်း တစ်ခါတစ်ရံ လုံခြုံရေးအခက်အခဲများကြောင့် ယင်းကျေးရွာများသို့သွားရောက် ရန်ခွင့် မပြု၍ လုပ်ငန်းလုပ်ဆောင်ရာတွင်အခက်အခဲများရှိခဲ့သော်လည်းယခုသုံးလပတ်တွင် ၄င်းကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းလျှက်ရှိပါသည်။

**ပူတာအိုမြို့နယ်**

မိုးတွင်းကာလတွင် ဝေးလံသောကျေးရွာများသို သွားလာရေးခက်ခဲသောကြောင့် အချိန်တော်တော်ကြာယူ၍ အစည်းအဝေးကျင်းပရသည်။ ဆွမ်ပီယမ်အုပ်စုနှင့် လုံရှာယန်အုပ်စု သည် အာဏာပိုင်များနှင့် ချိတ်ဖက်၍ ပထမနှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

**(င) နည်းပညာပံ့ပိုးမှုအခက်အခဲ စသဖြင့် မိမိတို့ မြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖော်ပြပေးရန်။**

**ရွှေကျင်မြို့နယ်**

နည်းပညာပိုင်းဆိုင်ရာအခက်အခဲအနေဖြင့် လက်ထောက်နည်းပညာမှူးအများစုသည် ဝန်ထမ်းအသစ်များဖြစ်ခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံလိုအပ်ချက်ရှိခြင်းတို့ကြောင့် နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့အနေဖြင့် မြို့နယ်မှသော်လည်းကောင်း၊ တိုင်းအဆင့်မှသော်လည်းကောင်း ကြီးကြပ်ဆောင်ရွက်မှုပေးစေလိုကြောင်း တင်ပြလာပါသည်။ တိုင်းရုံးမှလည်း နှစ်ပတ်တစ်ခါ ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပါသည်။

**တပ်ကုန်းမြို့နယ်**

တပ်ကုန်းမြို့နယ်နှင့်လယ်ဝေးမြို့နယ်တွင်အခက်အခဲမရှိသော်လည်းပျဉ်းမနားမြို့နယ်တွင် ကျီးဖြူရိုးကျေးရွာ အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းခွဲနှင့် ဆည်မြောင်းဦးစီးဌာနမှ ကျွမ်းကျင်သူများနှင့်ပူးပေါင်းလျှက်ကွင်းဆင်းတိုင်းတာတွက်ချက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ညောင်ပင်သာကျေးရွာအုပ်စု၊ အလယ်+သဲကျွန်းရွာပေ(၁၀၀) ချောင်းကူးတံတားလုပ်ငန်းများကို မြို့နယ်အဆင့်အနေဖြင့် အခက်အခဲရှိပါသည်။ ၎င်းလုပ်ငန်းများမှာ သက်ဆိုင်ရာကျေးလက်လမ်းတံတားဦးစီးဌာနသို့ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိအဆင်ပြေမှုမရှိသေးပါ။ ၎င်းကျေးရွာ(၂)ရွာမှရရှိသည့်ယခုနှစ်ရန်ပုံငွေနှင့်ယခင်နှစ်ကျန်ရှိသည့် ရန်ပုံငွေစုစုပေါင်း အနေဖြင့်လည်း လုံလောက်နိုင်မှုမရှိနိုင်ပါ။ ၎င်းအခက်အခဲများနှင့်ပတ်သက်၍ တိုင်းဒေသကြီးမှတစ်ဆင့် နေပြည်တော်ရုံးချုပ်သို့တင်ပြထားရှိပြီးဖြစ်ပါသည်။ ၎င်းတံတားအား လူထုဗဟိုပြုစီမံကိန်း အစား ကျေးလက်လမ်းတံတားဦးစီးမှ တာဝန်ယူဆောင်ရွက်မှသာ အဆင်ပြေနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

အသစ်ခန့်အပ်သည့် လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။

**ငါန်းဇွန်မြို့နယ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးတို့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။ စီမံကိန်း ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ပါက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး စီမံကိန်းရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

**ညောင်ဦးမြို့နယ်**

ယခုအခါတွင် ညောင်ဦးမြို့နယ်လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်) စက်ဝန်းစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နေချိန်ဖြစ်ပါသဖြင့် ကျေးရွာများရှိစီမံကိန်း လုပ်ငန်းများအပေါ် Clustersများမှ တာဝန်ခံမှု တာဝန်ယူမှုဖြင့် ပေါင်းစပ်ဆောင်ရွက် လျှက်ရှိပါသည်။

**ပလက်ဝမြို့နယ်**

ကျေးရွာအုပ်စု (၉၆) အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၂၆၃) ခု အတွက် Drawing, Estimate များကို Regional Infra မှအင်ဂျင်နီယာများကကူညီတွက်ချက်ပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရာတွင်လည်း လိုအပ်သောကွင်းဆင်းစစ်ဆေးမှုများကို လုပ်ဆောင် ပေးခဲ့ကြပါသည်။ DRD Counterparts အနေဖြင့် CSAG သည် ဒီဇင်ဘာလကုန် တွင်တာဝန် လွှဲအပ်လက်ခံခဲ့ပါသည်။ M&E/ MIS အားဆက်လက်ခန့်အပ်ထားပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် စီမံကိန်းစက်ဝန်းရှိ အဆင့်များ အချိန်မီပြီးစီးနိုင်ရန် အားထုတ် နေရသဖြင့် ကွင်းဆင်းဝန်ထမ်းများအတွက် လိုအပ်သောစွမ်းဆောင်ရည်မြှင့် သင်တန်းများ ပိုမို ပို့ချပေးရန် အချိန်ရရှိမှု အားနည်းခြင်း။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် လက်တောက်နည်းပညာမှူးများသည် ကျေးရွာနှင့် လိုက်လျောညီထွေသော အင်ဂျင်နီယာဆိုင်ရာ နည်းပညာဆိုင်ရာဗဟုသုတများ လက်လှမ်းမှီရန် တိုင်းဒေသ ကြီး၏ Regional Infra Specialist မှ ဆက်လက်၍ နည်းပညာများ အနီးကပ် ပံ့ပိုးပေးစေလိုပါသည်။ ထို့အပြင် လည်ပတ်ထိန်းသိမ်းရေးသင်တန်းကို Regional Infra Specialist ဦးဆောင်ကြီးကြပ်၍ ဆောင်ရွက်ပေးစေလိုပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် လက်တောက်နည်းပညာမှူးများမှာ အသစ်များဖြစ်သောကြောင့် အဆောက်အဦ design,estimate များတွက်ချက်ရာတွင် အခက် အခဲများရှိပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းပထနှစ်စက်ဝန်းတွင် စီမံကိန်းမှ နည်းပညာ ပံ့ပိုးပေးမှုအပေါ် ကျေးရွာလူထုမှ အပြည့်အဝလက်မခံပဲ ယင်းတို့၏ မိရိုးဖလာ နည်းအတိုင်း ဆောင်ရွက်လိုသောကြောင့် အခက်အခဲများရှိနေပါသည်။ ကျေးရွာတွင်းလမ်း

ဆောက်လုပ်ခြင်းလုပ်ငန်းတွင် စီမံကိန်းမှနည်း ပညာပံ့ပိုးပေးရာ၌ အချို့ကျေးရွာများမှ ကျေးရွာတွင်းလမ်းများကျဉ်းသောကြောင့် ရေမြောင်းထည့်သွင်း ဆောက်လုပ်မှုကို လက်မခံသဖြင့် အခက် အခဲများတွေ့ရပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် ပထမနှစ်ဖြစ်သောကြောင့် လက်ထောက်နည်းပညာမှူးမှာ (CDD) အတွေ့အကြုံမရှိသောကြောင့် Estimate တွက်ချက်မှုနှင့် လုပ်ငန်းစတင်မှုတွင် တိုင်း infraနှင့် TTA မှ အနီးကပ်အကူအညီရယူလျက်ရှိပါသည်။

**မတူပီမြို့နယ်**

ကျေးရွာများမှ ရွေးချယ်တင်ပြလာသည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းခွဲများအတွက် တွက်ချက်ရာတွင် ကျွမ်းကျင်မှုအခက်အခဲ ကြုံတွေ့ နေရပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။ (ဥပမာ- Auto Cad Training)

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်တွင် (TA)များပံ့ပိုးမှုမရှိသဖြင့် PC Form ဖြည့်သွင်းရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် ကျေးရွာအုပ်စု(၁၃)အုပ်စု၊ ကျေးရွာပေါင်း(၃၂၂)ရှိပါသည်။ကျေးရွာအုပ်စုအရွယ်အစားအလိုက် အုပ်စုတစ်စုတွင် အနည်းဆုံး(၈)ရွာမှ အများဆုံး(၅၀)ရွာထိ ရှိပြီး ကျေးရွာအရေအတွက်များသော ကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စုအစည်းအဝေးများပြုလုပ်ခြင်းနှင့် ကျေးရွာအုပ်စုဘဏ္ဍာရေးအစီရင်ခံစာများပြုစုခြင်း၊ ကျေးရွာအုပ်စုအဆင့်ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်များကို ကျေးရွာအုပ်စုအဆင့်ကော်မတီမှ ဖြေရှင်းခြင်းတို့တွင် အချိန်ပိုပေးရသည့်အခက်အခဲအနည်းငယ်ရှိပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ် CDD Infra မှ TF များအား Survey တိုင်းတာရာတွင် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ပြုလုပ်ပေးလျှက်ရှိပါသည်။

**ရွှေကူမြို့နယ်**

ပြည်နယ်ရုံးမှ ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ပေးလျက် ရှိပါသည်။

**တနသ်ာရီမြို့နယ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးတို့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ဆုံ ဆွေးနွေးခြင်းများ ပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။စီမံကိန်း ဆောင်ရွက် ရာတွင် အခက်အခဲဖြစ်ပေါ်ပါကပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

## ၁၄။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ

### မြို့နယ်အဆင့်

(က) စီမံကိန်းမြို့နယ် ၆၁ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) Labour report အား M&E focal နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် CSAG နှင့် DRD မှ ဦးစီးဆောင်ရွက်ရန်

(ဃ) CF များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား political role အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

### ပြည်နယ်တိုင်းအဆင့်

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကွယ်ဂ လာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် TA/DRD များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စု အဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) NCDDP ၏ ကျားမရေးရာ stragies ပြင်ဆင်ထားသည့် ပုံစံများ ကို WB အပါအဝင် CDD ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မှုဝေတင်ပြရန် မြို့နယ် အသစ်များအတွက် ကျားမရေးရာသင်တန်းအား DSW နှင့် ပူးပေါင်းပို့ချမည်။

(ဃ) မြို့နယ်အသစ် ၆ မြို့နယ်အတွက် လုပ်ငန်းခွင်သင်တန်းအား ကျားမရေးရာအပိုင်းအား ဆွေးနွေးတင်ပြရန်

(င) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်စုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြုလုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား ဒီဇင်ဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။ ဩဂုတ်လ တွင် ISM 16 ပြုလုပ်ခဲ့ပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- ISM 17 ကို ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား အောက်တိုဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထားသော ဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှုများ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

**၁၅။ စီမံကိန်း လုပ်ငန်း အတွက် နောင်လာမည့် ၆ လအတွင်း ပြည်နယ်/ တိုင်းဒေသကြီး (သို့) ပြည်ထောင်စုအဆင့်မှစီမံကိန်းမြို့နယ်များအပေါ်လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ-**

**ပဲခူးတိုင်းဒေသကြီး**

ပြည်ထောင်စုအဆင့်မှ ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ပံ့ပိုးကူညီပြီး လိုအပ်သည့်အကြံဉာဏ်များအား ပေးစေလို ပါသည်။

**မိုးညိုမြို့နယ်**

ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်း အနေဖြင့် မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား အကူအညီအကြံပေးကာ လုပ်ငန်း ခွဲများ အချိန်နှင့်တပြေးညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းစီမံကိန်း တာဝန်ခံအင်/ယာတစ်ဦးအား ပုံမှန်စေလွှတ်ထားသဖြင့် ယခုတတိယနှစ်စက်ဝန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စု အဆင့်အနေဖြင့်လည်း စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်နေစဉ်ကာလအတွင်း အခါအားလျော် စွာ လာရောက်ကြည့်ရှုစစ်ဆေးကာ အနီးကပ်လမ်းညွှန်မှုများ ပေးစေလိုပါသည်။

**ကျောက်ကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ယခုသုံးစွဲနေသော ဖိုင်စင်များမလုံလောက်ပါသဖြင့် shelfbook caseများထပ်မံပံ့ပိုးပေးစေချင်ပါသည်။

**ပန်းတောင်းမြို့နယ်**

ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

လက်ထောက်နည်းပညာမှူးများအား နည်းပညာပိုင်းဆိုင်ရာထောက်ပံ့မှုပေးရန်၊ စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ကွင်းဆင်းကြီးကြပ်လမ်းညွှန် ဆောင်ရွက်မှု ပေးရန်၊ မိတ်ဆက်စာစောင်များ၊ လက်ကမ်းစာစောင်များ ပိုမိုထောက်ပံ့မှုပေးရန်၊ မြို့နယ် နည်းပညာ အကြံပေးများဖိုရမ်တွင် မြို့နယ်စီမံကိန်းတာဝန်ခံများ တက်ရောက်စေသင့်ပါသည်။

## လယ်ဝေးမြို့နယ်

လယ်ဝေးမြို့နယ်မှ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင် ခွင့်ပြုချက်ရရှိနိုင်ရန် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်လာပါကကူညီပေးစေလိုပါသည်။

## ပျဉ်းမနားမြို့နယ်

ပျဉ်းမနားမြို့နယ်မှ ညောင်ပင်သာကျေးရွာအုပ်စု၊ အလယ်+သဲကျွန်းကျေးရွာပေ(၁၀၀) ချောင်းကူးတံတားတည်ဆောက်ရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ ကိုမြို့နယ်အဆင့်အနေဖြင့်အခက်အခဲရှိပါသဖြင့် တိုင်းဒေသကြီးအဆင့်ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ လမ်းတံတားဦးစီးဌာနဖြင့် အထက်အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

ဆိုင်ကယ် TVS 110 cc အတွက်အပိုပစ္စည်းများအမြန်ရရှိနိုင်ရေး Union Procurement Team မှကူညီပံ့ပိုးပေးစေလိုပါသည်။ မြို့နယ် TTAဝန်ထမ်းများကို စာချုပ်ထပ်မံ တိုးပေး စေလိုပါသည်။လုပ်ငန်းများ ဆောင်ရွက်ရာတွင် မနိုင်နင်း၍ (CF တစ်ယောက်မှာ ၁၆ရွာဆောင်ရွက်ရ) CF များကို အစားထိုးခန့်ထားရန် လိုအပ်နေသေး၍ အစားထိုးခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

## လှိုင်းဘွဲမြို့နယ်

Disaster Risk Reduction သင်တန်း ကျေးရွာ မီးလင်းရေးနှင့် ပတ်သက်သည့် သင်တန်း Water Duality Testing များလာရောက်ပို့ချပေးစေလိုပါသည်။ စက်ရေတွင်း GP Survey သင်တန်းလည်း ပို့ချပေးစေလိုပါသည်။

## ကော့ကရိတ်မြို့နယ်

သဘာဝဘေးအန္တရာယ် လျော့ချရေးနှင့် သက်ဆိုင်သော သင်တန်းများ ပို့ချပေးစေလိုသည်။ ရေနမူနာစမ်းသပ်ခြင်းသင်တန်းကို မြို့နယ်ရုံးတွင် လာရောက် စမ်းသပ် စေလိုပါသည်။

## ငါန်းဇွန်မြို့နယ်

စီမံကိန်းအခြားမြို့နယ်များသို့ ( Exchange Visit ) သွားရောက်ခွင့်ပြုစေချင် ပါသည်။

**ညောင်ဦးမြို့နယ်**

Trainingများအားပြည်ထောင်စုအဆင့်၊ပြည်နယ်တိုင်းအဆင့်များမှ အချိန်မီ ဆောင်ရွက်ပေးရန်(သို့) မြို့နယ်အစီအစဉ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန်၊လိုအပ်သောနည်းပညာများ၊ အမိန့်/ ညွှန်ကြားချက် များအားအချိန်မီထုတ်ပြန်ပေးပါရန်။

**ရမည်းသင်းမြို့နယ်**

စီမံကိန်း တတိယနှစ်စက်ဝန်းလုပ်ငန်းများ မစခင် Infra Guide Line များကို တိတိကျကျ ပေးစေချင်ပါသည်။

**နွားထိုးကြီးမြို့နယ်**

၂၀၁၉ခုနှစ်တွင်ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပို့ချပေးရန်။ အခြားစီမံကိန်းမြို့နယ်များသို့ လေ့လာရေးခရီးစဉ်များ ဝန်ထမ်းနှင့်CFs / TFs များအတွက် စီစဉ်ပေးရန်။

**ပလက်ဝမြို့နယ်**

လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းစတင်နိုင်ရန်အတွက် လစ်လပ်လျှက်ရှိနေသော လက်ထောက် နည်းပညာမှူး(၃)ဦးနှင့် လူထုစည်းရုံးရေးမှူး (၅) ဦးကို လုပ်ငန်းများမစတင်မီ ခန့်ထားပေးရန်အတွက် လူထုဗဟိုပြုရုံးချုပ်၊ နေပြည်တော်နှင့် ချိတ်ဆက် လုပ်ဆောင်ပေးစေလိုပါသည်။ လုပ်ငန်းများမစတင် မီသင်တန်းများ အချိန်မီပေးရန်အတွက် လိုအပ်သော ကြိုတင်ခရီးစရိတ်များကို ကြန့်ကြာမှုအနည်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရန် မိတ္တူကူးစက်များ ကောင်းမွန်ရန်လိုအပ်ပါသည်။ ယခုအခါ လက်ရှိ အသုံးပြုနေသော ပရင်တာများမှာ ဟောင်းနေပြီး၊ မိတ္တူကူးစက်မှာ ပျက်နေသည်။ အဆိုပါစီ မံကိန်းသုံး ရုံးအသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးရန် ညှိနှိုင်း ပေးစေလိုပါသည်။
စတုတ္ထနှစ်စီမံကိန်းလုပ်ငန်းများ သတ်မှတ်ထားသည့် အချိန်အတွင်းလုပ်ဆောင် အကောင်အထည် ဖော်နိုင်စေရန်အတွက် မြို့နယ် DRD ဘက်မှ လိုအပ်သောပံ့ပိုးမှုများဖြစ်သည့် ကြိုတင်ခရီးစရိတ်ငွေများ၊ တစ်ခြားလိုအပ်သည့် စာရွက်စာတမ်းများကို သတ်မှတ်ချိန်အတွင်း ထုတ်ပေးနိုင်အောင်စီစဉ်ပေးရန် ညှိနှိုင်းလုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုချက် ရရှိပြီးနောက် စီမံကိန်းလုပ်ငန်းခွဲ အဆိုပြုလွှာများပြင်ဆင်ရာတွင် လက်ထောက်နည်း ပညာမှူးများအား ပြည်နယ်အင်ဂျင်နီယာများမှ အနီးကပ် ကူညီပံ့ပိုးပေးစေလိုပါသည်။

**ဝွမြို့နယ်**

စီမံကိန်းစတင်အကောင်အထည်ဖော်သည့်နှစ် ဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းခွဲများအား ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် ဒီဇိုင်းရေးဆွဲမှုများတွင် အမှားအယွင်း မရှိစေရန်အတွက် ပြည်နယ်ရုံးမှ တာဝန်ခံများ အချိန်ပြည့် ရှိစေချင်ပါသည်။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင် ပစ္စည်းဖြစ်သောMotorbike ပြင်ဆင်ရန် (ဆိုင်ကယ် ၄ စီသည် စီးမရသည့် အခြေအနေတွင် ရှိပြီး၊ ဆိုင်ကယ်များအားလုံးသည် Change and Sprocket သည် အသစ်လဲရန် လိုအပ်မည်ဖြစ်သည်။ အချို့ဒေသများသည် တောင်ပေါ်လမ်းဖြစ်သည်အတွက် ဆိုင်ကယ်များ break ကောင်းရန် လိုအပ်သည့်အပြင် တာယာများလည်း အသစ်လဲရန် လိုအပ်သည်။ ဝန်ထမ်းများ၏ လုံးခြုံရေး (safe and Security) အတွက် ဆိုင်ကယ်များအား အချိန်မှီပြင်ဆင်ရန် လိုအပ်သကဲ့သို့ ဆိုင်ကယ်များအတွက် အရေးပေါ် ပစ္စည်းများ (emergency kit for bike) ( tube ၊ ဖာစနှင့် လေထိုးတံ အသေး)တို့ ဆိုင်ကယ် တစ်စီးစီတွင် အရန်သင့် ရှိရန်လည်း အကြံပြု တင်ပြအပ်ပါသည်။ စီမံကိန်းများTablet ပြင်ဆင်ရန် နှင့် ရရှိထားသော Copier သည် မကြာခဏ ပြုပြင်ရပြီးမြို့နယ်အတွက် PC များ၊ Estimate စသည့် အင်ဂျင်နီယာ အသုံးများနှင့် အခြားရုံးသုံးမိတ္တူဆွဲခြင်းများသည် အလွန်များပြားသည့်အတွက် စက်တစ်လုံးတည်းဖြင့် မလုံလောက်နိုင်ပါ။ တစ်နေ့လျှင် စာရွက်ရေ ၁၅၀၀ အနည်းဆုံး မိတ္တူဆွဲရသဖြင့် စက်၏ကြံ့ခိုင်မှုအား ထိခိုက်နိုင်ပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် Regional Infra တာဝန်ခံများ နှစ်ပါတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် ပုံမှန်ကွင်းဆင်း ကြီးကြပ်ပေးစေလိုပါသည်။

**ဗန်းမောက်မြို့နယ်**

ဗန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်းသည်လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင် နိုင်ရန် အလို့ငှာ ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီးအဆင့်များမှ လိုအပ်သောလမ်းညွှန် ချက်များ ပံ့ပိုးခြင်း၊ ကိုယ်တိုင် လာရောက် ကူညီပံပိုးခြင်းများ ဆောင်ရွက်ပေးစေလိုပါသည်။

**ကော့မှူး**

ကော့မှူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် တတိယနှစ်စီမံကိန်းစက်ဝန်းအား အကောင် အထည်ဖော်ဆောင်ရွက်ရာ တွင်လစ်လပ်နေသည့် DRD မှ Infrastructure Engineer

နှင့် Procurement Counterpart ရာထူးအတွက် အမြန်ဆုံး ခန့်ထား ပေးနိုင် ပါရန်တင်ပြ တောင်းခံအပ်ပါသည်။ တတိယနှစ် မံကိန်းစက်ဝန်း စတင်ဆောင်ရွက်နေပြီ ဖြစ်သည့် အတွက် PC form များ upload လုပ်ရာတွင် အဆင်ပြေရန်အတွက် ပြင်ဆင်ရန်ရှိသည့် Tablets အမြန်ဆုံးပြန်လည် ပြင်ဆင် ပေးပါရန် တင်ပြတောင်းခံ ထားပါသည်။

**ကျောက်တန်း**

စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းများ ထပ်မံပို့ချပေးပါရန်နှင့် ပြည်ထောင်စု အဆင့်မှ တာဝန်ရှိသူများအား မြို့နယ်များသို့ ကွင်းဆင်းပြီး လိုအပ်ချက်များအား ပြန်လည် တည့်မတ်ပေးပါရန် တင်ပြထားပါသည်။ စီမံကိန်းအတွက် အသုံးပြုနေသော Lap-Top ကွန်ပြူတာများမှာ မကြာမဏVirus တိုက်ခိုက်မှုများ ကြုံတွေ့နေရသဖြင့် အသုံးပြုရာတွင် နှောင့်နှေးခြင်း၊ စက်များ မကြာခဏလေးနေခြင်း (Hand)သွားတတ်သဖြင့် လုပ်ငန်းများ အဆင်ပြေစေရန်အတွက် Kaspersky Anti-Virus Software ကို ထည့်သွင်းအသုံးပြုခွင့် Budget ချထားပေးနိုင်ပါရန် တင်ပြထားပါသည်။

**ကွမ်းခြံကုန်း**

လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးဆိုင်ရာ မွန်းမံ သင်တန်းများ လုပ်ငန်းမစတင်မှီ ပြန်လည်ပြုလုပ်ပေးစေလိုပါသည်။ မြို့နယ်ရုံးများသို့ လာရောက်၍ အခက်အခဲများအတွက် ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများ လာရောက်ဆောင်ရွက်စေလိုပါသည်။ မြို့နယ်တွင် ဖိုင်တွဲထားရှိမှုအခြေအနေများနှင့် အဆောက်အဦ ပိုင်းဆိုင်ရာများ အတွက် ကွင်းဆင်းလေ့လာ ကြီးကြပ်မှုများ ပုံမှန်လာရောက်ဆောင်ရွက် စေလိုပါသည်။ စီမံကိန်း လက်စွဲစာအုပ် ပြင်ဆင်ရေးသား ခြင်းအား အချိန်မှီပေးပို့ပေးစေလိုပါသည်။ စီမံကိန်း ပစ္စည်းများ ပျက်သဖြင့် တင်ပြရာတွင် အမြန်ဆုံး ဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန်ပေးစေလို ပါသည်။ သို့မှသာလျှင် လုပ်ငန်းနှောင့်နှေးမှု မရှိမှာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း တင်ပြလာကြပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် မှ တင်ပြထားသည်မှာ စာချုပ်သက်တမ်း ကုန်ဆုံးသွားသော CSAG(TTA) အား အမြန်ဆုံးပြန်လည်ခန့်ထားပေးစေလိုကြောင်းနှင့် လက်ထောက်နည်းပညာမှူး(TF) များအား Auto CAD သင်တန်းများပေးစေလိုကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ် မှ တင်ပြထားသည်မှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ မြို့နယ်သို့ လာရောက်စေလိုကြောင်းနှင့် မြို့နယ်တွင် လိုအပ်နေသည့် လူထု စည်းရုံးရေးမှူး(၆)ဦးနှင့် လက်ထောက်နည်းပညာမှူး (၄)ဦး အား ခွင့်ပြုခန့်ထား ပေးပါရန် တင်ပြထားပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ် မှ တင်ပြထားသည်မှာ မီးလင်းရေးလုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာများကူညီပေးစေလိုကြောင်းနှင့် အီတလီချေးငွေဖြစ်သဖြင့် Technical Audit မည်ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် Infra Team မှ လာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ်ပေးစေလိုကြောင်း တင်ပြထားပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ် မှ တင်ပြထားသည်မှာ လစ်လပ်လျှက်ရှိသော လက်ထောက် နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူးနေရာများအား အမြန်ခန့်ထားပေးစေလိုကြောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် ပျက်ဆီးသွားသော ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းများ အတွက် ရံပုံငွေအား ပြန်လည်ချထားပေးစေလိုကြောင်း၊ ဘဏ္ဍာရေးအရာရှိများ နှင့် ဝယ်ယူရေးအရာရှိများအတွက် မွမ်းမံသင်တန်းများအား နေပြည်တော်အဆင့်တွင် သက်ဆိုင်ရာအလိုက် ပေးစေလိုကြောင်း တင်ပြထားပါသည်။

**ချောင်းဆုံမြို့နယ်**

Tablets/ Laptops/ Desktop များပြင်ဆင်ခွင့်ကို ပြည်နယ်စီမံကိန်းရုံးမှ ခွင့်ပြုချက်ဖြင့် မြို့နယ်တွင် ပြင်ဆင်ခွင့် ပြုပေးပါရန်။ ပြည်ထောင်စု စီမံကိန်းရုံးမှ အခါအားလျော်စွာ ကွင်းဆင်း ကွင်းဆင်းစစ်ဆေး တည့်မတ်ပေးပါရန်။ စီမံကိန်း လုပ်ငန်းခွဲများ အရည်အသွေး ပြည့်မှီစွာ ဆောင်ရွက်ခဲ့သော မြို့နယ်များသို့( Exchange Visit )သွားရောက်ခွင့် ပြုပါရန်။ ချောင်းဆုံမြို့နယ်တွင် Infra counterpart မရှိသဖြင့် စတုတ္ထနှစ်စက်ဝန်းအတွက် ပြည်နယ်စီမံကိန်းရုံးမှ အင်ဂျင်နီယာများက လာရောက်ကြီးကြပ်ပေးပါရန်။

**လှိုင်ကော်မြို့နယ်**

လှိုင်ကော်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး TOF1,2,3,သင်တန်းတက်ပြီးသူများအား သင်တန်းဆရာဖြစ် လက်မှတ်ရရှိနိုင် ရန်နှင့်စည်းရုံးရေးမှူးများသင်တန်းအတွက် သင်တန်းဆင်း လက်မှတ်များရရှိနိုင် ရန်တင်ပြအပ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးUnion မှ ညွှန်ကြားချက်များကို အချိန်မှီ ဆောင်ရွက်နိုင်ရေးအတွက် TA/ TL များကိုလည်း ပူးတွဲပေးပို့စေလိုကြောင်းတင်ပြအပ်ပါသည်။

ကယားပြည်နယ်ရုံးအနေဖြင့် မြို့နယ်ရုံးများအား စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိပြီ ဖြစ်သဖြင့် DRD Counterpart များအား အချိန်ပြည့် တာဝန်ပေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးနိုင်ပါရန်တင်ပြ အပ်ပါသည်။ နည်းပညာစည်းရုံးရေးမှူးများ အပြောင်းအလဲများ ခြင်းကြောင့် ပြည်နယ် အင်ဂျင်နီယာများမှ စီမံကိန်းလုပ်ငန်းခွဲများ ဒီဇိုင်းရေးဆွဲရာတွင် လည်းကောင်း၊ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ရာတွင် လည်းကောင်း၊ အကောင်အထည် ဖော် မည့် ကာလများတွင်လည်းကောင်း ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး ပြည်နယ်မှ တာဝန်ရှိသူများမှ စီမံကိန်း အကောင် အထည် ဖော်ဆောင်ရာတွင် ပိုမိုကောင်းမွန် စေရန် လိုအပ်သည်များကို အချိန်နှင့် တပြေးညီ မှာကြားပေးရန် တင်ပြပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် နည်းပညာစည်းရုံးရေးမှူးများ အပြောင်းအလဲများခြင်းကြောင့် ပြည်နယ်အင်ဂျင်နီယာများမှ စီမံကိန်းလုပ်ငန်းခွဲများ ဒီဇိုင်းရေးဆွဲရာတွင်လည်းကောင်း၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက် ရာတွင် လည်းကောင်း၊ အကောင်အထည်ဖော်မည့်ကာလတွင်လည်းကောင်း ယခင်နှစ် ကထက် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးပါရန်တင်ပြပါသည်။

**မတူပီ**

လက်ထောက်နည်းပညာမှူးများအား အသေးစားရေအားလျှပ်စစ်နှင့် ရေးပေးဝေ ရေး (Gravity flow water supply system) ဒီဇိုင်းနှင့်ကုန်ကျစရိတ်တွက် ချက်မှုသင်တန်း၊ ရေဗွာ ရုံးခွဲငှားရမ်းဖွင့်လှစ်မှုအား ဆက်လက်ခွင့်ပြုပေးနိုင်ပါရန်။ ဝယ်ယူရေး အရာရှိတစ်ဦး ခန့်ထားပေး နိုင်ပါရန်။ လစ်လပ်လျှပ်ရှိသော CF/TFရာထူးနေရာများအတွက် ဝန်ထမ်း ခန့်ထားခွင့် ပြုပေးနိုင် ပါရန်။ ဝန်ထမ်းနေအိမ်များငှားရမ်းခွင့် ခွင့်ပြုပေးနိုင်ပါရန်။ဝန်ထမ်းများအတွက် မိုးကာအကျီ အ သစ် များထပ်မံပံ့ပိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**တွန်းဇံ**

လက်ထောက်နည်းပညာမှူးများအတွက် လိုအပ်သည့် နည်းပညာသင်တန်းများကိုလည်း အချိန်မှီ သင်တန်းပေးစေချင်ပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာ

Tool Box ကိုလည်း ပံ့ပိုးပေးစေချင်ပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေးနှင့် ပတ်သတ်သည့် ရုံးသုံးဆိုင်ကယ်များ၊ ကျေးရွာဖိုင်များနှင့် ကြော်ငြာသင်ပုန်းတွင် ထားရှိရမည့် စီမံကိန်း လိုဂို တံဆိပ်များ၊ ပံ့ပိုးပေးရန် တင်ပြအပ်ပါသည်။ တွန်းဇံမြို့၊ ကျီခါးနှင့် ခွမ်းနွဲ့ရုံးခွဲများတွင်လည်း ပွင့်လင်းရာသီ ရောက်ရှိမည်ဖြစ်ပါသဖြင့် မီးသတ်ဆေးဗူး(၆)ခု ထားရှိပေးပါရန် တင်ပြအပ်ပါ သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် CDDစီမံကိန်းအတွက် သက်ဆိုင်ရာဌာနစိတ်အလိုက် Dataများဖြည့်သွင်းနိုင်ရေး အင်တာနက်အသုံးပြုမှုများရှိပါသည်။ M&E((၁)ပတ်(၁)ကြိမ် ကွင်းဆင်းမှတ်တမ်း၊ (၃)လပတ်အစီရင်ခံစာ၊(၂)ပတ်(၁)ကြိမ်MIS Check List) များ၊ CDDမြို့နယ်များမှ တင်ပြလာသည့် ငွေထုတ်ယူခွင့် ကိစ္စရပ်များ၊ လစဉ်အစီ ရင်ခံ စာများ၊Unionမှပြည်နယ်/မြို့နယ်သို့၊ ပြည်နယ်မှUnionသို့၊ မြို့နယ်မှပြည်နယ်သို့ အပြန် အလှန်ပေးပို့သည့်Emailများ၊ ကွင်းဆင်းခရီးစဉ်အစီရင်ခံစာများပေးပို့ရခြင်း၊ ဖြည့်သွင်းရခြင်း၊ စစ်ဆေးရခြင်းတို့အတွက် အင်တာနက်Data Packageများစွာကုန်ကျမှုရှိနေပါသည်။ ရှမ်းပြည် နယ်ကျေးလက်ဦးစီးရုံးသည် အင်တာနက်လိုင်း သတ်မှတ်Terminal ထက် (၂)ဖာလုံခန့်ပိုမို ဝေးကွာနေခြင်းကြောင့် Data Loseများဖြစ်ပေါ်နေပြီး Internet(Wifi) သုံးစွဲ နိုင်ခြင်းမရှိပါ။ ၄င်းကြောင့် ရှမ်းပြည်နယ်ကျေးလက်ဦးစီးရုံး CDDစီမံကိန်း သက်ဆိုင်ရာ ဌာနစိတ်အလိုက် Dataများဖြည့်သွင်းနိုင်ရေးအတွက် Skynet Broad Band တပ်ဆင်အသုံးပြု ခွင့်ရနိုင်ရေး ချထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။Infraဖက်မှ စီမံကိန်းအတွက်လိုအပ်သော နည်းပညာ ဆိုင်ရာအထောက်အကူပြုပစ္စည်းများ ၊မြို့နယ်(၁)မြို့နယ်လျှင်Level(၁)စုံ၊ GPS၊ ရေအရည် အသွေးစစ်ဆေးရန်လိုအပ်သည့်ဆေးများ၊ ရေအရည်အသွေးစစ်ဆေးသောကိရိယာများ ထောက် ပံ့ပေးနိုင်ရန် တင်ပြအပ်ပါသည်။ ပြည်နယ်အဆင့်သို့ ထောက်ပံ့ပေးသော Laptop(၂)လုံးရှိသော် လည်း HO-2ထံတွင်(၁)လုံး ICT–1ထံတွင်(၁)လုံးကိုင်ဆောင်ထားပါသည်။ အခြား သက်ဆိုင် ရာConter Partအလိုက်သည်လည်း စာရင်းဇယားများပြုစုခြင်း၊စစ်ဆေးခြင်း၊ အချက်အလက် များထည့်သွင်းခြင်းအတွက် Computerဖြင့်အသုံးပြုရသည့်အတွက် Personal Computerများ ကိုသာအသုံးပြုနေရသည့်အတွက် အနည်းငယ်အခက်အခဲရှိနေပါသည်။ ထို့ကြောင့် Laptopများ ထပ်မံထောက်ပံ့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ပြည်နယ်လူထုဗဟိုပြုစီမံကိန်းရုံးတွင် တာဝန် ထမ်းဆောင်လျက်ရှိပြီး(၅.၇.၂၀၁၈)ရက်နေ့တွင် စာချုပ်ဖျက်သိမ်းခဲ့သည့် ဦးဇင်မြမျိုး၏နေရာ တွင် State Infra Assitantအစားထိုးပေး ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်တွင် စီမံကိန်းလုပ်ငန်းအတွက် နောင်(၆)လအတွင်း ပြည်ထောင်စုအဆင့် ၊ပြည်နယ်အဆင့် တိုင်းဒေသကြီးများမှ စီမံကိန်းမြို့နယ်အပေါ်လိုအပ်သောကူညီပံ့ပိုးမှုပေး စေလိုသည့် အကြောင်းအရာများမှာ (၁) ရုံးဝန်ထမ်းများစီမံကိန်းကျေးရွာများသို့ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစေနိုင်ရေးအတွက် နယ်မြေလုံခြုံရေးကိုသက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးစေလိုပါသည်။(၂) ဝန်ထမ်းများလုံခြုံရေးနှင့်ပတ်သက်သော လမ်းညွှန်ချက်များ၊သင်တန်းများလိုအပ်ခြင်းအခါအားလျော်စွာလစ်လပ်နေသောဝန်ထမ်းနေရာများအား အချိန်မီဖြည့်တင်းခန့်ထားပေးနိုင်ရန်လိုအပ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်အနေဖြင့် လာမည့်(၃)လပတ်အတွင်း Tomnship Integrated Village Development Plan (VDP) Workshop ကျင်းပပြုလုပ်ရန်ရှိပါသဖြင့် လိုအပ်သောလမ်းညွှန်ကူညီခြင်းများပြုပေးနိုင်ပါရန်နှင့် စီမံကိန်းလုပ်ငန်းခွဲများအကောင်အထည်ဖော်ချိန်ဆီဆိုင်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲမှ လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေများအချိန်မီထုတ်ယူနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်ကူညီမှုများပြုပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်တွင် စီမံကိန်းနှင့်သက်ဆိုင်သောလက်ကမ်းစာစောင်များအချိန်မီပံ့ပိုးပေးစေလိုပါသည်။ လက်ထောက်နည်းပညာမှူးများမှ Design & Estimate ရေးဆွဲရာတွင် အဆင်ပြေစေရန် ပြည်နယ်အဆင့်မှ အနီးကပ်ကူညီပံ့ပိုးပေးရန်လိုအပ်နေပါသည်။ အခြေခံရှေးဦးသူနာပြုသင်တန်းများနှင့် အခြေခံဆေးဝါးများ၊စီမံကိန်းသုံးမော်တော်ဆိုင်ကယ်များ(အရံထားရှိရန်)နှင့် ခက်ခဲသောဒေသသို့သွားရာတွင် အထောက်အကူပြုနိုင်ရန်အတွက် 4 Wheel ပါသော ရုံးသုံးမော်တော်ကားတစ်စီးစီစဉ်ပေးစေလိုပါသည်။

**ဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တို့တွင် စီမံကိန်းလုပ်ငန်းအတွက် နောင်(၆)လ အတွင်း ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် တိုင်းဒေသကြီးများမှ စီမံကိန်းမြို့နယ်အပေါ် လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများမရှိသေးပါ။

**မိုးကောင်းမြို့နယ်**

Samsung Tablet တစ်လုံးမှာ ၈လပိုင်းကတည်းက ယူနီယံရုံးသို့ပြုပြင်ရန်ပို့ ထားသော်လည်း ယခုအချိန်ထိ မရရှိသေးပါ။ ထို့ကြောင့် အဆိုပါပစ္စည်းအား အမြန်ဆုံး ပြုပြင်၍ ပေးပို့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

### ပူတာအိုမြို့နယ်

စီမံကိန်းသုံး မီးစက်အမြန်ရရှိရန်။(လူထုဗဟိုပြုစီမံကိန်းရုံးသည် လျှပ်စစ်အတွက် မီးစက်တစ်မျိုးတည်းကိသာ မှီခိုနေရသည်။)ပြည်နယ်များလည်း အချိန်မှီ လာရောက်ပံ့ပိုးကူညီမှုကြောင့် လက်ထောက်နည်းပညာမှူးများ တွက်ရာတွင် အခက်အခဲမရှိပါ။

### ရွှေကူမြို့နယ်

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းတိုင်းတာရန်အတွက် လိုအပ်သော အင်ဂျင်နီယာသုံး ပေဖူးများ၊ Level Instrumentပစ္စည်းများ လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ အချိန်မှီ ပြီးစီးရန် အမြန်ဆုံးထောက်ပံ့ ပို့ဆောင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

### တနသ်ာရီမြို့နယ်

ပြည်ထောင်စုအဆင့်/တိုင်းဒေသကြီးအဆင့်တို့မှ ဝန်ထမ်းများအနေဖြင့် ပုံမှန်စောင့်ကြည့်ကြီးကြပ်ရေးခရီးစဉ်များဖြင့် အကြံပေးပံ့ပိုးပေးပါက စီမံကိန်းအနေဖြင့် ပိုမိုထိရောက်လာမည်။ တို့အပြင် သက်ဆိုင်ရာကဏ္ဍအလိုက်အဖြစ် ပုံမှန် စောင့်ကြည့်ကြီးကြပ်ပံ့ပိုးမှုများ ပေးစေချင်ပါသည်။

**ဇယား ၁။ ၃၁/၁၂/၂၀၁၈ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား**

| | Year 1 (2013/4) | | Year 2 (2014/5) | | Year 3 (2015/6) | | Year 4 (2016/7) | | Year 5 (2017/8) | | Year 6 (2018/9) | | Cumulative (Yrs 1 – 5) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | % | # | % | # | % | | | # | % |
| Transport | 126 | 35.3% | 743 | 41.0% | 2,301 | 50.3% | 4,286 | 55.9% | 4,124 | 58.7% | 69 | 56.6% | 11,649 | 53.6% |
| Water Supply & Sanitation | 69 | 19.3% | 415 | 22.9% | 977 | 20.3% | 1151 | 15.0% | 647 | 9.2% | 18 | 14.8% | 3277 | 15.1% |
| Education | 118 | 33.1% | 434 | 24.0% | 961 | 19.1% | 1061 | 13.8% | 890 | 12.7% | 14 | 11.5% | 3478 | 16.0% |
| Electrification | 26 | 7.3% | 142 | 7.8% | 206 | 4.2% | 486 | 6.3% | 591 | 8.4% | 9 | 7.4% | 1460 | 6.7% |
| Community Facilities | 15 | 4.2% | 49 | 2.7% | 135 | 2.0% | 410 | 5.3% | 630 | 9.0% | 8 | 6.6% | 1247 | 5.7% |
| Health | | | | | 33 | 0.0% | 32 | 0.4% | 26 | 0.4% | 3 | 2.5% | 94 | 0.4% |
| Other | 3 | 0.8% | 29 | 1.6% | 116 | 2.2% | 245 | 3.2% | 122 | 1.7% | 1 | 0.8% | 516 | 2.4% |
| | | | | | | | | | | | | | | |
| **Total** | **357** | **100%** | **1,812** | **100%** | **4,729** | **100%** | **7,671** | **100%** | **7,030** | **100%** | **122** | **100%** | **21,721** | **100%** |

## ဇယား- ၂

## စေတနာအလျောက်မြေယာလှူဒါန်းခြင်း/လျော်ကြေးပေးခြင်းဆိုင်ရာစာရင်း

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | မြေယာလှူဒါန်းမှုရှိသော | | မြေယာလှူဒါန်းသော စီမံကိန်း လုပ်ငန်းခွဲပေါင်း | မြေယာကိစ္စ | | စုစုပေါင်း PC14 အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ကျေးရွာ အုပ်စုပေါင်း | ကျေးရွာ ပေါင်း | | မြေယာလှူဒါန်းသော အိမ်ထောင်စု အရေအတွက် | လျော်ကြေးငွေ ပေးရသော အိမ်ထောင်စု အရေအတွက် | | |
| ၁ | ကချင်ပြည်နယ် | မိုးကောင်း | ၂ | ၂ | ၂ | ၃ | - | ၃ | cycle 6 |
| ၂ | ။ | ရွှေကူ | ၄ | ၅ | ၅ | ၅၈ | - | ၅၈ | cycle 5 |
| ၃ | ။ | ပူတာအို | ၁ | ၂ | ၂ | ၄ | - | ၄ | cycle 5 |
| ၄ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၁၃ | ၁၉ | ၁၉ | ၁၂၄ | - | ၁၂၄ | cycle 5 |
| ၅ | ချင်းပြည်နယ် | တွန်းဇံ | ၁ | ၁ | ၁ | ၁ | - | ၁ | cycle 5 |
| ၆ | ရန်ကုန်တိုင်း | ကော့မှူး | ၇ | ၉ | ၉ | ၄၇ | - | ၄၇ | cycle 6 |
| ၇ | ။ | ကျောက်တန်း | ၂ | ၂ | ၂ | ၃ | - | ၃ | cycle 6 |

ဇယား-၃

# Procedures and progress for ethnic language translation

